# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လကွယ်နေ့ | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၂၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


**ယနေ့** *ဖတ် စရာ*

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း — ဥပဒေ — စာ ၆

လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက် ပိုကောင်းမွန်သော အနာဂတ်ကိုတည်ဆောက် — ဆောင်းပါး — စာ ၁၀

အနီးအဝေးဖြစ်ရပ်များကနေ တွေးမိသည့်… လွတ်လပ်ရေး အတွေးတစ်စ — ဆောင်းပါး — စာ ၁၆





## စောစီးစွာ စစ်ဆေးကုသပျောက်ကင်းနိုင်သည့် အသက်အန္တရာယ်ပြုနိုင်သောရောဂါ

တီဘီရောဂါဆိုသည်မှာ Mycobacterium Tuberculosis ခေါ် ဘက်တီးရီးယားပိုး ကူးစက်ခံရပြီး အဆုတ်တစ်သျှူးများ ပျက်စီးခြင်းကြောင့် ခံစားရသည့် ရောဂါဖြစ်သည်။ တီဘီသည် လူ့အသက်ကို အန္တရာယ်ပြုနိုင်သည့် ကူးစက်ရောဂါများတွင် ဒုတိယမြောက် အန္တရာယ်အကြီးဆုံးရောဂါလည်း ဖြစ်သည်။ ၂၀၂၃ ခုနှစ်က ကမ္ဘာပေါ်တွင် လူဦးရေ ၁၀ ဒသမ ၈ သန်းခန့် တီဘီရောဂါဖြစ်ပွားခဲ့ပြီး တီဘီရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၂၅ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တီဘီကင်းစင်ရေး မဟာဗျူဟာအရ ၂၀၂၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းကို ၂၀၁၅ ခုနှစ် ဖြစ်ပွားမှုနှုန်း၏ ၅၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးမှုနှုန်းကို ၇၅ ရာခိုင်နှုန်းအထိ လျှော့ချသွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီ၊ တီဘီ/ အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီ အဖြစ်အများဆုံး နိုင်ငံ ၃၀ တွင် အပါအဝင်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ တီဘီရောဂါအစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ တစ်သိန်းတွင် တီဘီလူနာသစ် ဖြစ်ပွားနှုန်း ၄၇၅ ဦးရှိပြီး သေဆုံးနှုန်းမှာ ၈၀ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းက ဦးဆောင်၍ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားမဟာဗျူဟာ စီမံကိန်း (National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း တစ်သိန်းနှစ်သောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှုအောင်မြင်နှုန်း ၈၈ ရာခိုင်နှုန်းရရှိခဲ့သည်။ တီဘီရောဂါ ဖြစ်ပွားမှုသည် ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးဖြစ်ရာ စောစီးစွာ ကုသမှုခံယူခြင်းဖြင့် ရောဂါပျောက်ကင်းနိုင်မည်ဖြစ်သည်။

တီဘီရောဂါသည် လေထဲမှတစ်ဆင့် ကူးစက်ပျံ့နှံ့သည့် ကူးစက်ရောဂါဖြစ်ပြီး သလိပ်တွင် တီဘီပိုးရှိသော ဝေဒနာရှင်များ နှာချေ၊ ချောင်းဆိုးခြင်း၊ ကျယ်လောင်စွာ စကားပြောခြင်းအားဖြင့် တီဘီရောဂါပိုးများ လေထဲသို့ ပျံ့နှံ့သွားပြီး ဘေးပတ်ဝန်းကျင်ရှိ လူများက ရှူရှိုက်မိရာမှ ရောဂါပိုးများ ကူးစက်ခံရနိုင်သည်။ သို့ဖြစ်ရာ ရောဂါဖြစ်သူများမှ အတူနေမိသားစုသို့လည်းကောင်း၊ ရုံး၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ လူစုလူဝေးနေရာများတွင်လည်းကောင်း ကူးစက်နိုင်သည်။ အာဟာရချို့တဲ့သူ၊ ခုခံအားကျဆင်းသူ၊ ဆေးလိပ်၊ အရက် အလွန်အကျွံသောက်သူ၊ အသက်ကြီးသူများနှင့် ငါးနှစ်အောက်ကလေးများ၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာဖြစ်ပွားဖူးသူ၊ လေးဘက်နာဖြစ်ပွားဖူးသူ၊ အလင်းရောင်နှင့်လေဝင်လေထွက် မကောင်းသည့်နေရာများတွင် နေထိုင်လုပ်ကိုင်ရသူ၊ ဆင်းရဲနွမ်းပါးသူများတွင် တီဘီရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေပို၍များပြားသည်။

အကယ်၍ သီတင်းနှစ်ပတ်နှင့်အထက် ချောင်းဆိုးခြင်း၊ ချောင်းဆိုးသည့်အခါ သွေး သို့မဟုတ် သလိပ်ပါခြင်း၊ အစားအသောက်ပျက်၊ ကိုယ်အလေးချိန်ကျပြီး တဖြည်းဖြည်းပိန်လာခြင်း၊ တငွေ့ငွေ့ဖျားခြင်း (အထူးသဖြင့် ညနေပိုင်းတို့တွင်)၊ ညအခါ ချွေးအလွန်ထွက်ခြင်း စသည့်ရောဂါလက္ခဏာများ ပြသလာပါက အမြန်ဆုံးစစ်ဆေးကုသမှု ခံယူကြရန်လိုသည်။ မိမိတွင် ရောဂါဖြစ်ပါက မိသားစုဝင်အားလုံး တီဘီရောဂါရှိ၊ မရှိ စစ်ဆေးကြရန်လိုသည်။ အစိုးရကျန်းမာရေးဌာနအားလုံးနှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြင်ပ ဆေးရုံ၊ ဆေးခန်းများတွင် တီဘီရောဂါကို ပျောက်ကင်းသည်အထိ အခမဲ့စစ်ဆေးကုသပေးလျက်ရှိသည်။ တီဘီရောဂါကို ပျောက်ကင်းအောင် ဂရုတစိုက်ကုသမှုခံယူရန် လိုအပ်ပြီး ပျောက်ကင်းအောင်မကုသပါက တီဘီရောဂါပိုးသည် အဆုတ်မှတစ်ဆင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ကူးစက်သွားနိုင်ကာ မလိုလားအပ်သည့် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်။

တီဘီရောဂါသည် ကျန်းမာရေးဝန်ထမ်းများ ညွှန်ကြားသည့်အတိုင်း ကုသမှုကို တိတိကျကျခံယူပြီး ဆေးများကို ရောဂါအမျိုးအစားအလိုက် မပျက်မကွက် ပုံမှန်သောက်ခြင်းဖြင့် ပျောက်ကင်းနိုင်သည့်ရောဂါဖြစ်ရာ မိမိနှင့်တကွ မိသားစုဝင်များ၊ မိမိနှင့်နီးစပ်သူများအတွင်း တီဘီရောဂါလက္ခဏာများတွေ့ရှိပါက စောစီးစွာ စစ်ဆေးကုသခံယူကြပါရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည်ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

### ၂၈ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၈

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မိုး/ဇလ

## မှော်ဘီမြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)စုပေါင်းသင်တန်းဆင်းပွဲကျင်းပ

မှော်ဘီ ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ) စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အ.ထ.က(၁) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် မှော်ဘီမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့သော သင်တန်းသား သင်တန်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။(ဓာတ်ပုံ)



အဆိုပါ သင်တန်းကို အ.ထ.က(၁)၊ အ.ထ.က(၂)၊ အ.လ.က (နွှေကုန်း)တို့မှ ကျောင်းသား ကျောင်းသူ ၁၀၉ ဦးတို့က အပတ်စဉ်သုံးခုဖြင့် အပတ်စဉ်တစ်ခုလျှင် သုံးရက်ကြာ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အစိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



အင်းလေးရှုခင်း

ဓာတ်ပုံ - မျိုးမင်းထိုက်(ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

◆ *ရှေ့ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စစ်ပညာများကို စနစ်တကျလေ့ကျင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမှာစကားပြောကြားရာတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းသည် မိမိနိုင်ငံကိုကာကွယ်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြကြောင်း၊ စစ်မှုထမ်းများသာမက အခြားသော ကဏ္ဍအသီးသီးမှာလည်း နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ အာဏာတည်စေခဲ့သည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ ဗဟိုအဖွဲ့မှ အတည်ပြုခန့်အပ်ပေးလျက်ရှိသည့် အခြေအနေများ၊ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသူများကိုလည်း စစ်ပညာများကို စနစ်တကျ သင်ကြားပေးလျက်ရှိပြီး အဆိုပါပညာရပ်များဖြင့် အဖျက်သမားများရန်မှ ကာကွယ်သွားကြရမည့် အခြေအနေများ၊ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များသို့ ရောက်ရှိတာဝန်ထမ်းဆောင်ရာတွင်လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ်

❑ **နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရတိုင်း နိုင်ငံတော်မပျက်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာ အင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ရှိနေခြင်းကြောင့်ဖြစ်**

❑ **ထို့ကြောင့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်**

သစ္စာစောင့်သိရန် လိုအပ်သည့် အခြေအနေများ၊ သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် စစ်ပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားသွားရန်၊ စစ်မြေပြင်တွင် ထိထိရောက်ရောက် အသုံးချရန်နှင့် စည်းကမ်းတကျ လိုက်နာနေထိုင်သွားကြရန် လိုအပ်သည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြရတော့မည့် သင်တန်းဆင်းစစ်သည်တော်များနှင့် စစ်သည်တော်လောင်းများဖြစ်ရန် သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအားလုံးတို့သည် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ သစ္စာ(၄) ချက်အား နေ့စဉ်ရွတ်ဆိုရသည့် နိုင်ငံတော်နှင့် တပ်မတော်အပေါ်၊ မိမိရဲဘော်ရဲဘက်အချင်းချင်းအပေါ်နှင့် မိမိ မိသားစုဝင်များအတွက် ကတိသစ္စာပြုစောင့်ထိန်းကြသူများဖြစ်ကြ၍ မိမိကိုယ်ကိုမိမိ ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အလံကို မိမိလက်နှင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ(၄)ချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် ၎င်းသစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန် လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန်လိုကြောင်း၊ ထို့အပြင် စစ်သည်အချင်းချင်းအပေါ်တွင်လည်း ရဲဘော်စိတ်ထားရှိရန်လိုကြောင်း၊ “ရဲဘော်စိတ်” ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားများဖြစ်၍ သေအတူ ရှင်မကွာ ဆိုသည့်စိတ်၊ သာအတူ နာအတူ ဆိုသည့် စိတ်ထားခံယူချက်များ ထားရှိသွားရန် လိုအပ်ကြောင်း။

**ထိရောက်စွာ အသုံးချသွားရန်လို**

ပြည်သူ့စစ်မှုထမ်းဥပဒေအရဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ တပ်မတော်တွင်းသို့ ဝင်ရောက်လာကြသူများအား တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် စစ်ပညာရပ်များကို အခြေခံမှစ၍ လိုအပ်သလို စနစ်တကျ သင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်အပါအဝင် အခြားသော စစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို စနစ်တကျ အသုံးချသွားရန်လိုကြောင်း၊ အခြေခံ စစ်အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးရာတွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုသည် အရေးကြီးကြောင်း၊ အမိန့်နာခံမှုရှိမှသာ အထက်မှပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် တိကျအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာရပ်များအပေါ် အသေးအဖွဲ့ဟူ၍ သဘောမထားဘဲ အလေ့အကျင့်မှ အလေ့အထဖြစ်သည်အထိ စွဲမြဲစွာ လုပ်ဆောင်သွားကြရန်လိုကြောင်းနှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့ကျကျ ထိရောက်စွာ အသုံးချသွားရန်လိုကြောင်း။

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန် မိမိတို့၏ စိတ်ဆန္ဒများဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ အရပ်သားဘဝ အလွှာပေါင်းစုံမှ တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသော အစိမ်းရောင်ယူနီဖောင်းဝတ်ဆင်၍ စစ်ပညာရပ်များကို အတူတူစုပေါင်း၍ သင်ကြားလေ့ကျင့်ပြီးသူများဖြစ်သည့်အတွက် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊

*စာမျက်နှာ ၄ သို့*




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ချီးဖြင့် လက်အုပ်ချီကန်တော့စဉ်။

# မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမဥ္ဇကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များအား ပေးအပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လှူဒါန်းသည့်ငွေကျပ်သိန်း(၁၀၀)ကိုပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)ထံ ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကန်တော့ခံသက်ကြီးစာပေပညာရှင်များအား ကန်တော့ပစ္စည်းနှင့် ကန်တော့ငွေများ ပေးအပ်စဉ်။

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများ၊ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ထံမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံရယူသည်။

ထို့နောက်ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ခံယူချက်တူညီသူများ ဖြစ်လာကြပြီးဖြစ်၍ နောင်တော်တပ်မတော်သားများနှင့် လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် ပြည်သူ့သားကောင်းများအဖြစ် ကြိုးစားနေထိုင်သွားကြရန်လိုကြောင်း။

**နိုင်ငံတော်နှင့်တပ်မတော်အပေါ်**
**သစ္စာစောင့်သိရန်လို**

တပ်မတော်သားဘဝကို ရရှိခံယူထားကြပြီးသူများဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံသားကောင်းရတနာများဖြစ်ကြောင်း၊ " Once a Soldier, always a Soldier " ဆိုသည်နှင့်အညီ တစ်ကြိမ်စစ်သားဖြစ်ပြီးပါက အမြဲတမ်းစစ်သားဖြစ်သည်ဆိုသည့် စိတ်ဓာတ်များ ခံယူထားရမည်ဖြစ်ပြီး အဆိုပါစိတ်သည် တပ်မတော်သားများ၏ မွန်မြတ်သည့် ခံယူချက်စိတ်ထားဖြစ်ကြောင်း၊ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရတိုင်း နိုင်ငံတော် မပျက်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာ အင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယခုအခါ ပြည်တွင်း၊ ပြည်ပအဖျက်သမားအင်အားစုများသည် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ နည်းလမ်းပေါင်းစုံနှင့် ထိုးနက်တိုက်ခိုက်နေချိန်ဖြစ်၍ မိမိတို့အနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့်စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှအရေးကြီးကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့်တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ယနေ့အချိန်အထိ သင်တန်းအမှတ်စဉ် (၆)အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဆင်း နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိလာခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း။

**စစ်သည်တော်ကောင်းများဖြစ်အောင်**
**နေထိုင်ကျင့်ကြံသွားရန်လိုအပ်**

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့တပ်မတော်သား တစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကျန်းမာရေး ချို့ယွင်းချက် ရှိမည်ဆိုပါက မည်သို့မျှ လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် ကျန်းမာရေးကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျ နေထိုင်စားသောက်သွားရန်လိုကြောင်း၊ သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာကို အမြဲမပြတ် လေ့ကျင့်လိုက်နာပြီး ကောင်းစွာအသုံးချသွားကြရန်နှင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိမိမိသားစုက ဂုဏ်ယူတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်း စစ်သည်တော်ကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံသွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။**





ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ နဝင်းချောင်းပေါ်တွင် သဘာဝရေစီးအားသုံး ရေတင်ဒလက် (Water Wheel)ဖြင့် ဝါအထူးဇုန်ကို စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုလေ့လာပြီး(ယာပုံ) ဒေသခံဝါစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်ပြောင်းလဲပေးမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနိုင်သဖြင့် ဝါသီးနှံများ အထွက်နှုန်းတိုးတက်နိုင်သည့် အခြေအနေ၊ သီးထပ်စွမ်းအားတိုးတက်စေရေး ဆောင်ရွက်မည့် အစီအမံများနှင့် သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်မြို့နယ် သစ်ချိုပင်ကျေးရွာရှိ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံနှုတ်ခွန်းဆက်စကားပြောကြားပြီး မတ်ပဲမျိုးစေ့နှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဝါစံပြစိုက်ခင်းမှ ဝါခူးဆွတ်နေမှု၊ အထူးအထွက်နှုန်းကောင်းသည့် ငွေနှင်းမှုံမျိုး အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးထားမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်မြို့နယ် ဇီးအုပ်ကျေးရွာ တောင်သူလယ်သမား သင်တန်းကျောင်းသို့ ရောက်ရှိပြီး တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြား၍ မြို့နယ်(၈)မြို့နယ်မှ သင်တန်းသားတောင်သူများအတွက် စားဖိုဆောင်မျိုးစေ့များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ မြေပဲစိုက်တောင်သူများ၊ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ဒေသခံတောင်သူများအား သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ကျွန်းမီးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေပဲစံပြစိုက်ခင်း ဧက ၂၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့် ဖြန့်ဝေပေးနိုင်ခဲ့မှုကြောင့် ယခင်နှစ်က မြေပဲတစ်ဧကလျှင် ၁၂၂ တင်းကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

လှူဒါန်းသည့် ငွေကျပ် ၂၇၆ သိန်းအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းအား ဦးပိုက်ထွေးက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လှူဒါန်းသည့် ငွေကျပ် ၅ သိန်းအား ဦးခင်မောင်စိုးက လည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် နှစ်စဉ် ကျင်းပလေ့ရှိသည့် နတ်တော်လဆန်း ၁ ရက်ကို အမျိုးသား စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်ပြီး စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့သည်မှာ ယခု ၁၃၈၆ ခုနှစ်အထိ အကြိမ် ၈၀ ရှိခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှတို့ကလည်း စာပေနှင့်ပတ်သက်ပြီး တန်ဖိုးထား အလေးထားပါကြောင်း၊ (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)တွင် နိုင်ငံတော်အဆင့် ကျင်းပခဲ့ပြီး စာပေပညာရှင်ကြီးများအား နိုင်ငံတော်က ချီးမြှင့်သလို နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း သီးခြားချီးမြှင့်ပေးခဲ့ပါကြောင်း။

မြန်မာစာပေ လောကသားတို့၏ "စာဆိုတော်နေ့" သည် သုတ၊ ရသရေးရာအဖြာဖြာကို ရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ၊ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါကြောင်း၊ ယခုလိုအမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြသည့် နေ့ထူးနေ့မြတ်ကြီးကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက နှစ်စဉ်ဂုဏ်ပြုအမွှမ်းတင်သည့် အထိမ်းအမှတ်အဖြစ် သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့နေခဲ့သည်မှာ ယခုဆိုလျှင် (၃၇)ကြိမ်မြောက်ရှိခဲ့ပြီဟု သိရပါကြောင်း၊ အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကြားမှ နှစ်စဉ်မပြတ် သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ပွဲကျင်းပပေးနေသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် စာပေကျေးဇူးအထူးထူးကို ရည်စူးပူဇော်ကန်တော့ပွဲများ ကျင်းပပေးနေသည့်အတွက် မင်္ဂလာတရားနှင့်ပြည့်စုံနေပါကြောင်း၊ ယခုလိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းကျောင်း မြှင့်တင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်စာရင်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမျိုးသားစာပေ တစ်သက်တာဆုရ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) က ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ချီးဖြင့် လက်အုပ်ချီမိုး ကန်တော့ကြပြီး ပစ္စည်းနှင့်ငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား သိပ္ပကျော်စွာဘွဲ့ရစာရေးဆရာကြီး ပါမောက္ခဒေါက်တာမြသိန်းဟန်ကဩဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများနှင့် စာပေပညာရှင်ကြီးများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယနေ့တွင် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေသား ကျပ်သိန်း ၁၀၀၊ အမျိုးသား ၂၄၁ ဦးအတွက် အင်္ကျီလက်ရှည် (Smart) များ၊ ပုဆိုး (ရွှေလွန်းပျံ) ၂/၈၀ နှင့် Smart လက်ဆွဲအိတ်များ တန်ဖိုးငွေကျပ် ၁၀၇၀၀၄၀၀ နှင့် အမျိုးသမီး ၃၅ ဦးအတွက် ခြုံပဝါများ၊ ပါတိတ်ဝမ်းဆက်နှင့် Smart လက်ဆွဲအိတ်များ တန်ဖိုးငွေကျပ် ၁၉၆၀၀၀၀၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၆၆၀၄၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များကို ဉာဏ်ပူဇော်ခများ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် စာပေပညာရှင်ကြီးများအနေဖြင့် ပြည်သူလူထု အဆိပ်အတောက်ဖြစ်စေမည့် ညစ်ညမ်းစာပေများ ပပျောက်သွားရန် ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်အတွက် စာအုပ်စာပေများကိုလည်း ခေတ်စနစ်နှင့်အညီ ဖုန်း၊ ကွန်ပျူတာများမှတစ်ဆင့် ဖတ်ရှုနိုင်ရေး ချိတ်ဆက်ရန်လိုအပ်ပါကြောင်း၊ လူငယ်များ စာကောင်းပေမွန်များဖတ်ရှုပြီး လမ်းမှန်ရောက်အောင် စာပေဖြင့် စာပေပညာရှင်ကြီးများက ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဉာဏ်ပူဇော်ခများနှင့် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များအား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက နိုင်ငံတော်နှင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၇၂ /၂၀၂၄ )**

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ပါပြစ်မှုအမျိုးအစားများနှင့် သက်ဆိုင်စေရမည်-

(က) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ပြစ်မှုများ၊

( ခ ) နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် မှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

( ဂ ) ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆိုတည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအမှတ်အသား၊ အီလက်ထရောနစ် နည်းလမ်းဖြင့် အဆိုပါပစ္စည်းကိုအသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

( ခ ) **တိရစ္ဆာန်** ဆိုသည်မှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါအားလုံးကို ဆိုသည်။

( ဂ ) **သက်သေခံပစ္စည်း** ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ခုခုဖြင့် သိမ်းဆည်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သို့မဟုတ် ချိပ်ပိတ်ထားသောပစ္စည်း သို့မဟုတ် တိရစ္ဆာန်ကို ဆိုသည်။

(ဃ) **တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

( င ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဆိုသည်။

( စ ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။

(ဆ) **သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး** ဆိုသည်မှာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ရုံးများကို ဆိုသည်။

( ဇ ) **ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း** ဆိုသည်မှာ သက်သေခံပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရန်နှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်း၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူတစ်ဦးဦးအား ခံဝန်ချုပ် ချုပ်ဆို၍ အပ်နှံခြင်းကို ဆိုသည်။

(ဈ) **ပစ္စည်းထိန်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများ၊ သယ်ယူရွှေ့ပြောင်းရန် ခက်ခဲသော သက်သေခံပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အခကြေးငွေပေး၍ တာဝန်ပေးအပ်ခံရသူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းမှုဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလအတွင်း သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးနှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရေးအတွက် စနစ်တကျစီမံထိန်းသိမ်းရန်၊

( ခ ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ သက်သေခံပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်သေခံပစ္စည်းများကို စနစ်တကျစီမံထိန်းသိမ်းရန်၊

( ဂ ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားရုံး၏ အမိန့်နှင့်အညီ စီမံခန့်ခွဲနိုင်ရန်၊

(ဃ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများကို အလွဲသုံးစားမှု မဖြစ်စေဘဲ နိုင်ငံတော်၏ဘဏ္ဍာငွေတိုးပွားစေရေးအတွက် စနစ်တကျစီမံခန့်ခွဲရန်။

## အခန်း(၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၆ ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (၁၃) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဌာနကြီးမှူး<br>မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

( ခ ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ မူဝါဒနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( ခ ) မိမိ၏လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီများကို ဖွဲ့စည်းခြင်း၊ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဂ ) ဒေသဆိုင်ရာကော်မတီများနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို စီမံထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာကော်မတီများ၏ တင်ပြချက်များအပေါ် ဆုံးဖြတ်ချက်ပေးခြင်း၊

( င ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော မြေနှင့် မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( စ ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများအား လေလံတင် ထုခွဲရောင်းချရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

(ဆ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း၊ တရားစွဲဆို တင်ပို့နိုင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

( ဇ ) သက်သေခံပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများအတွက် သုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆောင်ရွက်ချက် အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လစဉ်တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၄)

## ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ၂ ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | အခွန်ဦးစီးဌာနမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( ၆ ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ( ၇ ) | တာဝန်ခံအရာရှိ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ဦးစီးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ဦးစီးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယအထွေထွေမန်နေဂျာ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၂) | တပ်ဖွဲ့ခွဲမှူး သို့မဟုတ် ကြီးကြပ်သူအရာရှိ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

( ခ ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | နေပြည်တော်ကောင်စီ၊ အဖွဲ့ဝင်(၁)<br>ပြည်ထောင်စုနယ်မြေ | ဥက္ကဋ္ဌ |
| ( ၂ ) | ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| ( ၃ ) | အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| ( ၄ ) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| ( ၅ ) | အခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| ( ၆ ) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | တာဝန်ခံအရာရှိ<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| ( ၈ ) | ဦးစီးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| ( ၉ ) | ဦးစီးမှူး<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| (၁၁) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| (၁၂) | တပ်ဖွဲ့ခွဲမှူး<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>နေပြည်တော် | အဖွဲ့ဝင် |
| (၁၃) | ရဲတပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့<br>ပြည်ထောင်စုနယ်မြေ | အတွင်းရေးမှူး |

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ သတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီကချမှတ်သည့် မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်းများကို ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း၊ ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ တင်ပြချက်ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးခြင်း၊

( ဂ ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံခြင်းနှင့်စပ်လျဉ်း၍ အချိန်ကာလသတ်မှတ်ပေးခြင်း၊

(ဃ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ဗဟိုကော်မတီမှ တာဝန်ပေးအပ်လာပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

( င ) တရားရုံးသို့ တရားစွဲတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများကိုလည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများကိုလည်းကောင်း ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

( စ ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းမှရရှိသော ငွေကြေးများကို သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ထိန်းသိမ်းထားသည့် သက်သေခံပစ္စည်းများအား လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

( ဇ ) မိမိ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ရုံးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဈ ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆောင်ရွက်ချက် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ လစဉ်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကော်မတီသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | အလုပ်အမှုဆောင်ကော်မတီဝင်(၁)ဦး<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ်<br>ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ခရိုင်ဦးစီးဌာနမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | ခရိုင်တာဝန်ခံအရာရှိ<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်အခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| ( ၆ ) | ခရိုင်ဦးစီးမှူး<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ခရိုင်ဦးစီးမှူး<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုအစီအစဉ်အဖြစ် သံစဉ်ဝေဖြာ မနောအလှကဗျာ Friday Night Live Show တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ညပိုင်းက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုအစီအစဉ်အဖြစ်“သံစဉ်ဝေဖြာ မနောအလှကဗျာ” Friday Night Live Show တေးဂီတဖျော်ဖြေပွဲ ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)





ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်) Studio (A) တွင် ရိုက်ကူးထုတ်လွှင့်နေသော “သံစဉ်ဝေဖြာ မနောအလှကဗျာ” Friday Night Live Show တေးဂီတဖျော်ဖြေပွဲအစီအစဉ်တွင် တေးသံရှင် မောင်ဘောမ်ယိန်း သီဆိုသော “ချီဖွေမြို့လေးဆီသို့” နှင့် Jaw Prat Du Hkra “(သက်ဆုံးတိုင်)” တေးသီချင်း၊ တေးသံရှင် မယုံးယုံး သီဆိုသော “Byin Pu Pu Ten (ချယ်ရီပွင့်ချိန်)” နှင့် “အလည်လာပါ မနောမြေမှာ” တေးသီချင်း၊ တေးသံရှင် မဘောမ်ဖုံးထန့်သီဆိုသော “Tung: Mung Dain(တို့ရဲ့မြေ)”၊ “Lun Ding Sklurn (မလှည့်စားနဲ့)” နှင့် “မြစ်ကြီးနားက ကြိုဆိုနေမယ်” တေးသီချင်း၊ တေးသံရှင် မဆိုင်းဆာသီဆိုသော“ချစ်သောဟေမာန်” နှင့် “Marit Shingran(အိမ်မက်)” တေးသီချင်း၊ တေးသံရှင်မောင်ဆာမူလေ သီဆိုသော “မလိခချစ်သူစကား”နှင့် “Bum Krin Chya Ndau (တောင်ပေါ်မြို့လေးဆီ)” တေးသီချင်း၊ တေးသံရှင် မောင်လောဒ်အောင် သီဆိုသော “အချစ်ပုံပြင်” တေးသီချင်းနှင့် တေးသံရှင်များ စုပေါင်းသီဆိုဖျော်ဖြေသည့် “ပြည်ထောင်စု” တေးသီချင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက “သံစဉ်ဝေဖြာ မနောအလှကဗျာ” Friday Night Live Show တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဂုဏ်ပြုငွေနှင့် အမှတ်တရလက်ဆောင် ပေးအပ်ချီးမြှင့်သည်။ **သတင်းစဉ်**

# (၅၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၅၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီသောသီးနှံ စိုက်ပျိုးထုတ်လုပ်မှုခေါင်းစဉ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က တောင်သူကြီးများအနေဖြင့် ရာသီဥတုပြောင်းလဲသည့်ဖြစ်စဉ်များကြောင့် ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံမျိုးနှင့် စိုက်စနစ်များကိုလည်း မျက်ခြည်မပြတ်အောင် ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးပညာရှင်များ အနေဖြင့်လည်း တောင်သူလိုအပ်ချက်များကို အမြဲရင်းနှီးကျွမ်းဝင် သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ တောင်သူအခက်အခဲနှင့် လိုအပ်ချက်အပေါ် ထိရောက်စွာ ကူညီဖြေရှင်းပေးနိုင်မည့် နည်းလမ်းကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေါက်တာအောင်ကျော်သူက ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှု ခေါင်းစဉ်ဖြင့်ဆွေးနွေးရာ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးဇေဟုန်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများသော ဒေသများ၊ မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော မုန်တိုင်းများ၊ ရေကြီးမှုနှင့် ခြောက်သွေ့မှုဖြစ်စဉ်များ၊ ရာသီဥတုပြောင်းလဲမှု၊ ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ၊ ရာသီဥတုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုပုံစံတို့ကို ဆွေးနွေးတင်ပြပြီး တောင်သူများ မေးမြန်းမှုကို အသေးစိတ်ဖြေကြားဆွေးနွေးကာ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး၍ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၇)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များ၊ ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများက Zoom point ၄၄ point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်ရှိ လမ်းနှင့် တံတားလုပ်ငန်းများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်ရှိ လမ်းနှင့်တံတားလုပ်ငန်းများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန် - ပုသိမ်လမ်း မိုင်တိုင်အမှတ်(၂၁/၂)နှင့် (၂၁/၅)အကြား မယ်ဇလီတံတား ချဉ်းကပ်လမ်းတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်-ပုသိမ်လမ်းအရှည် ၉၅ မိုင် ၆ ဖာလုံကို လမ်းအထူးအဖွဲ့(၂၀)၊ လမ်းအထူးအဖွဲ့(၂၁)၊ ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ မအူပင်ခရိုင်၊ လမ်းဦးစီးဌာနတို့မှ အဖွဲ့(၅)ဖွဲ့ဖြင့် ထိန်းသိမ်းပြုပြင်ခြင်းနှင့် မိုင်တိုင်အမှတ်(၁၀၅/၅) မှ(၁၀၈/၄) အတွင်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စေရေး၊ လမ်းလုပ်ငန်းများကို မိုးမကုန်မီ အမြန်ပြီးပြတ်စေရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်းမှ ဆပ်ကွင်း-ကညွတ်ကုန်း-ရေလယ်ကွင်းလမ်း - ကျောက်ချောလမ်း (၁)မိုင် ခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ အပင်နှစ်ဆယ်တံတားအရှည်ပေ(၂၂၀) တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးစေရေး၊ သတ်မှတ် Design အတိုင်းဖြစ်စေရေးနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက ၂၀၂၅ ခုနှစ် မတ်လမကုန်မီ (AC) ကတ္တရာခင်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသားများ၏ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်းအမှတ် ၅၊ မိုးစွေသို့သွားရောက်၍ မြန်မာနိုင်ငံ သစ်တောကျောင်း အမှတ်စဉ် ၁၁၈ မှ သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရေး၊ ရေဝေရေလဲနှင့် ဒီရေတောများ ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်အထိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၄၉၀၊ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၁ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၄ ခုနှစ် မိုးရာသီတွင် အပင်ပေါင်း ၂ သန်းကျော် စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် ကျောင်းမှ စာတွေ့သင်ခန်းစာများ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများနှင့် လုပ်ငန်းခွင်အတွေ့အကြုံများပေါင်းစပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မိမိဌာန၏ အားကိုးထိုက်သော အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်မှာကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ်၊ ငလိုက်ကြိုးဝိုင်း၊ အကွက် ၁၇ ရှိ ၁/၂၀၂၄ စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၅၀ နှင့် ၁/၂၀၂၃ စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ ၏ ရှင်သန်အောင်မြင်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ကြိုးဝိုင်းအတွင်း မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသားများ၏ လက်တွေ့ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် စိုက်ခင်းမီးတား လမ်းဖောက်လုပ်ခြင်း၊ နယ်နိမိတ် သတ်မှတ်ဆောင်ရွက်ရေးအတွက် GPS ကိုင်ဆောင်အသုံးပြုခြင်း၊ စိုက်ခင်းတည်ထောင်ရာတွင် မြေနေရာရွေးချယ်ရေးအတွက် မြေဆီလွှာစမ်းသပ်ခြင်းနှင့် နမူနာကောက်ယူခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းနှင့် မြေတိုင်းတာခြင်း လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သစ်တောသုတေသနဌာန၊ ခန္ဓာပိုင်းမျိုးပွားဥယျာဉ်၊ ရေငွေ့ထိန်းခန်းအတွင်း အဖိုးတန်သစ်မျိုးများ၏ မျိုးရိုးဗီဇများ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ထားရန်နှင့် မျိုးရိုးဗီဇတူညီသော မျိုးကောင်းမျိုးသန့်ပင်များ ထုတ်လုပ်ပေးရန်အတွက် ခန္ဓာပိုင်းမျိုးပွားခြင်း ဆောင်ရွက်ထားရှိမှုနှင့် ငလိုက်ကြိုးဝိုင်း အကွက် ၇၃ ရှိ ကျွန်းအနက် စင်းမျိုးရိုးဗီဇထိန်းသိမ်းရန်နှင့် သစ်မျိုးသန့်ပြန့်ပွားရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်တည်ထောင်ထားသော ကျွန်းအနက်စင်း မျိုးရိုးဗီဇထိန်းသိမ်းရေး စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (စစ်ကိုင်း)၏ အဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့က အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ပညာရေးနှင့်ပတ်သက်၍ ယုံကြည်ချက်၊ ခံယူချက်များ မှန်ကန်ရန်လိုကြောင်း၊ ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ အရည်အချင်းနှင့် အရည်အသွေး မြင့်မားရေးအတွက် အရည်အသွေးအာမခံမှုရှိသည့် ရလဒ်အခြေပြုပညာရေးစနစ် (Outcome based Education) ကို ပီပြင်စွာ အကောင်အထည်ဖော်ရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပညာသင်နှစ်အလိုက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး အစရှိသည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီက လက်ခံရယူသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့ပြီး တတိယကြေးတံဆိပ် ရရှိခဲ့ကြသည့် သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (စစ်ကိုင်း) မှ ကျောင်းသား ငါးဦး၊ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) မှ ကျောင်းသားတစ်ဦးတို့အား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီ ပေးအပ်သည်။

ယနေ့ကျင်းပသော အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်တွင် မဟာဘွဲ့ရရှိသူ ခုနစ်ဦး၊ စီးပွားရေး သိပ္ပံဘွဲ့ရရှိသူ ၂၂၁ ဦး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ နှစ်ဦး၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာ ဒီပလိုမာရရှိသူ ၂၅ ဦးတို့အား သက်ဆိုင်ရာ ဘွဲ့အလိုက် ချီးမြှင့်အပ်နှင်းမည်ဖြစ်သည်။

ယမန်နေ့ညနေပိုင်းက ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ သွားရောက်၍ ချည်မျှင်နှင့် အထည်အလိပ် ဒီပလိုမာ (၁) နှစ် သင်တန်းနှင့် ပေါင်းကူးသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁) နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်း၊ ရိုးရာလွန်းရာကျအချိတ် ခြောက်လသင်တန်းတို့မှ သင်တန်းဆင်းမည့် ကျောင်းသား ကျောင်းသူ ၄၃ ဦးတို့၏ သဘာဝဆိုးဆေး အသုံးပြုထားသော ချည်ထည်များကို စက်ရက်ကန်း၊ လက်ရက်ကန်းတို့ဖြင့် ရက်လုပ်၍ အဝတ်အထည်နှင့် ဒီဇိုင်းယှဉ်ပြိုင်သည့် ကျောင်းဆင်းလက်ရာပြပွဲကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**သာစည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်က GSE Solar ကုမ္ပဏီ၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ စစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်း ပြသပေးကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက စက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။ ထို့နောက် စက်ရုံတာဝန်ရှိသူများနှင့် ဝန်ထမ်းများကို မီးဘေးလုံခြုံရေးအကြံပြုချက်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုနည်းများပြသပေးကာ စက်ရုံဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်စေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပင်းတယမြို့နယ်၌ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေမည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ပင်းတယ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေမည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့က ကန်ထောင့်ကျေးရွာအုပ်စု ကန်ထောင့်ကျေးရွာ၌ ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ကန်ထောင့်ကျေးရွာတွင် အနက်ပေ ၄၅၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မော်တာပန့်၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် နွေရာသီကာလအတွင်း ရေရှားပါးသည့် ပြဿနာများ ပြေလည်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိစေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် ပြည်နယ် (မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၀၀၈ သန်းအသုံးပြု၍ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်း၍ ယခုနှစ် ဇွန်လ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက် ပိုကောင်းမွန်သော အနာဂတ်ကိုတည်ဆောက်

မောင်ငြိမ်းအေး

**မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးသည်မှာ နှစ်ပေါင်း ၇၇ နှစ် ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့် မရှေးမနှောင်းကာလများ၌ လွတ်လပ်ရေးရရှိခဲ့ကြသော နိုင်ငံများသည် လွတ်လပ်ရေး၏အသီးအပွင့်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ တန်းတူညီမျှအခွင့်အရေးများကို ရရှိခံစားနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ထိုမျှကြာရှည်လာသောကာလအတွင်း နိုင်ငံသားများအားလုံး လွတ်လပ်ရေး၏အသီးအပွင့်များကို ထိုက်တန်စွာခံစားရရှိသင့်သော်လည်း အကြောင်းအမျိုးမျိုးဖြင့် အပြည့်အဝ မရရှိသေးသည်မှာ ဝမ်းနည်းစရာဖြစ်သည်။**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနောက်ကျခြင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ မတက်လှမ်းနိုင်သေးခြင်းအကြောင်းမှာ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ခံစားခံယူချက်များနှင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင်အောင် မချုပ်ငြိမ်းသေးခြင်းသည် အရေးကြီးသောအကြောင်းအချက်ဖြစ်သည်။ မငြိမ်းချမ်းသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို မတည်ဆောက်နိုင်၊ မတည်ဆောက်နိုင်သောကြောင့် မငြိမ်းချမ်း၊ တည်ဆောက်သော်လည်း ပဋိပက္ခများကြောင့် ပြန်လည်ပျက်စီးခြင်းဟူသည့် အဆိုးသံသရာတွင်လည်နေသည်ကို တွေ့မြင်နိုင်သည်။

**လွတ်လပ်ရေးဆုံးရှုံး**

နိုင်ငံတော်က ဦးထိပ်ပန်ဆင်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် ရရှိပြီးသော လွတ်လပ်ရေးခိုင်မြဲရေးအတွက် အသက်သွေးဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်အရေးကို အစိုးရနှင့်တပ်မတော်က အဓိကတာဝန်ထမ်းဆောင်နေသလို နိုင်ငံသားအားလုံးကလည်း ပါဝင်ဆောင်ရွက်ကြဖို့ တာဝန်ရှိသည်။ မျက်မှောက်ကာလ ဖြစ်ပေါ်နေသောပဋိပက္ခများသည် ဒို့တာဝန်အရေးသုံးပါးကို ခြိမ်းခြောက်နေသော အန္တရာယ်များဖြစ်သည်။ အကယ်၍ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ပါက တိုင်းပြည်လွတ်လပ်ရေးဆုံးရှုံးသလို ဖြစ်သွားနိုင်သည်။

ယခုအခါ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် ပြည်ပမှ သွေးထိုးလှုံ့ဆော် မြှောက်ပင့်အားပေးမှုဖြင့် အကွက်ချစီစဉ် ဖျက်ဆီးနေကြသည်ကို တွေ့မြင်နိုင်သည်။ အကျိုးဆက်မှာ ပြည်တွင်း၌ တိုင်းရင်းသားလူမျိုးအချင်းချင်း ရန်စစ်ခင်းသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံရောက်ကြရသည့်အပြင် ပြည်သူများနေထိုင်ရာဒေသများလည်း ပျက်စီးဆုံးရှုံးပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးသွားသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူညီမျှခံစားရရှိရေးအတွက် အမျိုးသားခေါင်းဆောင်ကြီးများက မျှော်မှန်းဆောင်ရွက်ခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ကြောင့်ဝေးခဲ့ရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။

**ထိုးနှက်တိုက်ခိုက်**

လက်ရှိတွင် အကြမ်းဖက်သောင်းကျန်းသူများက တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် တိုက်ခိုက်ဖျက်ဆီးနေကြသည်။ ပြည်တွင်းပြည်ပမှ အဖျက်သမားများက သောင်းကျန်းသူများနှင့် အတိုင်အဖောက်ညီစွာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်တပ်မတော်၊ ပြည်သူနှင့်ပြည်သူ သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် တိုက်ခိုက်နေသည်ကိုတွေ့ရမည်။ အထူးသဖြင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားအချင်းချင်း စိတ်ဝမ်းကွဲအောင် သတင်းတု၊ သတင်းမှားများဖြင့် ထိုးနှက်တိုက်ခိုက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။



ရခိုင်ကမ်းလွန် Block A-1/A-3 တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်သည့် Shwe Drilling & Production Platform ကို တွေ့ရပုံ။ ဓာတ်ပုံ - MOGE

တပ်မတော်ပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲမည်ဖြစ်၍ တပ်မတော်ဖြိုခွဲရေးကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသည့် စိတ်ဓာတ်စစ်ဆင်ရေး သတင်းတု၊ သတင်းမှားများကို နားမယောင်မိဖို့လိုသည်။ သွေးထိုးလှုံ့ဆော်မှုများသည် တပ်မတော်အပေါ်၌သာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်များ ယိမ်းယိုင်မသွားစေရန်၊ စည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းစေရန် အစဉ်အမြဲနိုးကြားနေရမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ပြည်ဖျက် မီဒီယာများ၏ ဆိုးရွားသည့်လုပ်ရပ်များကို အသိ၊ သတိနှင့် ဆင်ခြင်ပြီး စစ်မှန်သည့် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်သည်။

**အဖျက်အန္တရာယ်များ**

ယနေ့အချိန်အခါတွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးအုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဝင်ရောက်စိုးမိုး စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ပြည်ဖျက်မီဒီယာများနှင့် အမျိုးသားသစ္စာဖောက်များကို မွေးမြူထောက်ပံ့အားပေးပြီး ဖျက်ဆီးနေကြသည်။ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများ မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင် ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်နေသည်။ အင်အားကြီးနိုင်ငံကြီးအချို့ ဝင်ရောက်စွက်ဖက်မှုကြောင့် လတ်တလောပြိုကွဲပျက်စီးခဲ့သည့် နိုင်ငံအချို့ကို သင်ခန်းစာယူနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပမှ စွက်ဖက်နှောင့်ယှက်မှုများနှင့် ပြည်တွင်းအဖျက်အန္တရာယ်များ ကြုံတွေ့နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် **“ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကို မြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့ အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်”** ဆိုသောသတင်းစကားသည် ကျွန်ုပ်တို့အားလုံး စွဲမြဲစွာမှတ်သားဆောင်ရွက်သင့်သည့်အချက်ဖြစ်သည်ဟု ရှုမြင်ပါသည်။

**သူတစ်ပါးကြိုးဆွဲရာ**

သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ရသော နိုင်ငံနှင့် လူမျိုးတို့၏ဖြစ်စဉ်ကို ဆန်းစစ်ကြည့်မည်ဆိုလျှင် နိုင်ငံလွတ်လပ်ပင်လွတ်လပ်သော်ငြားလည်း၊ နိုင်ငံဖွံ့ဖြိုးပင် ဖွံ့ဖြိုးသော်ငြားလည်း အနှောင်အဖွဲ့မကင်းသည့် နိုင်ငံနှင့် လူမျိုး၏ဖြစ်အင်သို့ ရောက်ရှိနေသည်ဖြစ်၍ ထိုနိုင်ငံ၏ အားထုတ်ကြိုးပမ်းခဲ့သော လွတ်လပ်ရေးသည် သွယ်ဝိုက်သောနည်းလမ်းဖြင့် ပြန်လည်ဆုံးရှုံးနေသည်ဟု ဆိုနိုင်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်ကိုက်ညီသည့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်များဆုံးရှုံးပြီး

*စာမျက်နှာ ၁၁ သို့*

**❝သွေးထိုးလှုံ့ဆော်မှုများသည် တပ်မတော်အပေါ်၌သာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်များ ယိမ်းယိုင်မသွားစေရန်၊ စည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းစေရန် အစဉ်အမြဲနိုးကြားနေရမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ပြည်ဖျက်မီဒီယာများ၏ ဆိုးရွားသည့် လုပ်ရပ်များကို အသိ၊ သတိနှင့် ဆင်ခြင်ပြီး စစ်မှန်သည့် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားရန် လိုအပ်❞**

စာမျက်နှာ ၁၀ မှ

သူတစ်ပါးနိုင်ငံ၏ နိုင်ငံရေးစနစ်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှု၊ အစဉ်အလာစသည်တို့လွှမ်းမိုးကာ လက်ဝေခံနိုင်ငံအဖြစ်၊ သူတစ်ပါးကြိုးဆွဲရာအတိုင်း လုပ်ကိုင်ရသည့်နိုင်ငံအဖြစ် ရပ်တည်နေရသည့်နိုင်ငံများကို တွေ့မြင်နိုင်သည်။

မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများ၏ အုပ်စုလိုက်လွှမ်းမိုးခံရသောနိုင်ငံငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ပဋိပက္ခများကို မြင်တွေ့ကြရမည်ဖြစ်သည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး လွတ်လပ်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများ၏ တင့်တယ်ခံ့ညားစွာ ရပ်တည်နေနိုင်မှုများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ အဓိကမှာ မိမိနိုင်ငံ၏ အခြေအနေသဘာဝများနှင့် လိုက်လျောညီထွေရှိပြီး မိမိတို့၏အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်ခြင်းသာ အကောင်းဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သောနိုင်ငံဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး ခေတ်အဆက်ဆက်တွင် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ရှင်းလင်းနိုင်ခဲ့သလို မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်၌ ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု စည်းလုံးညီညွတ်မှုအင်အားများနှင့် ရင်ဆိုင်ဖြတ်ကျော်နိုင်စွမ်းရှိသည်။

## စီးပွားရေးတွင်ထိန်းချုပ်

အနှောင့်အယှက်အဖျက်အဆီး အခက်အခဲများကြားမှ နိုင်ငံတော်၏ နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ကျရာတာဝန်များကို ထမ်းဆောင်နေကြသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးစွမ်းအားများ ကောင်းမွန်ရန်လိုအပ်သည်။ နိုင်ငံရေးအား ကောင်းမွန်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမည်၊ စီးပွားရေးအားကောင်းမွန်လျှင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ၏ကာကွယ်ရေးအားလည်း တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးနိုင်အောင်နှင့် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍများတွင်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

## ဖွံ့ဖြိုးအောင်ဆောင်ရွက်

ပြည်တွင်း၌ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖန်တီးပြီး စီးပွားရေး ထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးနေကြသည်။ ယင်းအခြေအနေတွင် နိုင်ငံငယ်များအနေဖြင့် နိုင်ငံအတွင်းမှာရှိသည့် သယံဇာတနှင့်အရင်းအမြစ်များ၏ စွမ်းအားများကိုအသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းကြရန်လိုအပ်သည်။ ကိုယ်ပိုင်အရင်းအမြစ်များ နည်းပါးလာသည်နှင့်အမျှ စီးပွားရေးထိခိုက်ပြီး အခြားကဏ္ဍမျိုးစုံတို့တွင်ပါ အားနည်းလာမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးသည် အရေးပါသည့်အချက်ဟု ရှုမြင်နိုင်သည်။ နိုင်ငံတော်၏ သယံဇာတများနှင့် အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာလိုသည်။

ယနေ့ကာလတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၌လည်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ကြုံတွေ့နေရသည်။ နိုင်ငံရေးမတည်ငြိမ်မှု၏ အဆုံးသတ်တွင် စီးပွားရေးအကျပ်အတည်းဖြစ်စေမှုကို ဦးတည်လေ့ရှိသည်။ ယင်းကို ပြည်ပနယ်ချဲ့ လက်သစ်နိုင်ငံများက ကြိုတင်စီမံပြီး ၎င်းတို့အကျိုးစီးပွားကို ဖန်တီးနေကြသည်။ ထို့ကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်သည့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်အောင်ကြိုးစားမှုသာ မိမိနိုင်ငံ၏ ကိုယ်ပိုင်သယံဇာတများနှင့် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်နှင့် သယံဇာတများပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ရာ အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကိုဖြစ်ပေါ်စေနိုင်သည့်အလားအလာကောင်းများ များစွာရှိသည်။

## အာရှတွင်အဓိက

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် သဘာဝတွင်းထွက်သယံဇာတပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ရှေးယခင်ကာလများမှ ယနေ့အချိန်တိုင်အောင် ရှိနေဆဲဖြစ်သည်။ ကျောက်မျက်ရတနာကဲ့သို့ ထင်ရှားသည့်ရတနာသိုက်များ ကမ္ဘာ့မြေပုံပေါ်တွင် မှတ်တမ်းရှိသည်။ သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၈ ထရီလီယံနှင့်ယှဉ်တွဲလျက် ရေနံသိုက်စည်ပေါင်း ၃ ဒသမ ၂ ဘီလီယံရှိပြီး အာရှ၏ စွမ်းအင်ပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။ အများစုမှာ ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့နိုင်သော်လည်း ကုန်းတွင်းပိုင်းတွင်လည်း ရေနံထွက်ရှိသည်။ စုစုပေါင်းနိုင်ငံ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကို ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ကြီးကြီးမားမား ဖြည့်ဆည်းပေးနိုင်သည်။ ကမ္ဘာပေါ်တွင် သတ္တမမြောက် ဆန်အများဆုံးထွက်ရှိသောနိုင်ငံဖြစ်သဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကအခန်းကဏ္ဍမှရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ပေါများကြွယ်ဝသော သဘာဝသယံဇာတ အရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များ လုံလောက်စွာရှိသည့်အပြင် ထူးခြားသော ပထဝီဝင်စီးပွားရေး တည်နေရာအရ အာရှနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပေါင်းကူးတံတားဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေး အရှိန်အဟုန်ကောင်းနေစဉ်တွင် အိန္ဒိယနိုင်ငံနှင့်လည်း အထူးခိုင်မာသောဆက်ဆံရေးကို တည်ဆောက်သွားရန် ဆုံးဖြတ်ထားသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံသည် အလားတူ ယဉ်ကျေးမှုအစဉ်အလာထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

## ဒေသတွင်းသာယာဝပြော

၂၀၂၅ ခုနှစ်တွင် နိုင်ငံအတွင်း အကြမ်းဖက်သောင်းကျန်းမှုများ ရှိနေလင့်ကစား နိုင်ငံအသွင်ကူးပြောင်းရေး ဒီမိုကရေစီအရပ်ဘက်အုပ်ချုပ်ရေးကို လမ်းခင်းပေးသည့်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာ၏ စောင့်ကြည့်အကဲခတ်မှုအောက်၌ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန်ရည်ရွယ်ထားသည်ဟု နိုင်ငံတကာသို့ အတိအလင်းပြောကြားထားပြီးဖြစ်သည်။ ရွေးကောက်ပွဲများကျင်းပခြင်းဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကို ရရှိကာ တိုင်းပြည်အရှိန်အဟုန်ဖြင့် တိုးတက်မှုကိုရစေမည့် မောင်းနှင်အားဖြစ်လာနိုင်သည်။ ထို့အပြင် အောင်မြင်သောအသွင်ကူးပြောင်းရေးမှတစ်ဆင့် အာရှတစ်လွှား ဒေသတွင်းသာယာဝပြောမှုကို ဖြစ်ပေါ်လာစေနိုင်သည်။

သို့ဆိုပါလျှင် ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေးဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများရှိနေလင့်ကစား မြန်မာနိုင်ငံတွင် ပဋိပက္ခများ၊ နှောင့်ယှက်တိုက်ခိုက်မှုများရှိလင့်ကစား မြန်မာနိုင်ငံတွင် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး အဓိကကျသည့် စီးပွားရေးမောင်းနှင်အားကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပေါများကြွယ်ဝသော သယံဇာတများ၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအခြေအနေများအရ ပြည်တွင်း၊ ပြည်ပမှ မိစ္ဆာဘီလူးများက မက်မောနေသည်မှာ အဆန်းတော့မဟုတ်ပေ။ ထို့ကြောင့် စီးပွားရေးမောင်းနှင်အား ပိုမိုတိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကာ ဒို့တာဝန်အရေးသုံးပါး ဖျက်ဆီးနေသူများကို တပ်မတော်နှင့် ပြည်သူလက်တွဲပြီး အပြီးတိုင်ချေမှုန်းရှင်းလင်းကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် နိုင်ငံတော်၏စီးပွားရေး တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး အန္တိမရည်မှန်းချက်အဖြစ်သတ်မှတ်ထားသည့် နိုင်ငံရေးစွမ်းအား ကောင်းမွန်လာစေရန်အတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးပြီး ဒီမိုကရေစီနိုင်ငံရေးအခင်းအကျင်းအသစ်ကို ပုံပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံကို ကမ္ဘာက တန်ဖိုးထားဆက်ဆံလာသည့်၊ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာမည်ဖြစ်ရာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကို စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

❖ ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေးဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများရှိနေလင့်ကစား မြန်မာနိုင်ငံတွင် ပဋိပက္ခများ၊ နှောင့်ယှက်တိုက်ခိုက်မှုများရှိလင့်ကစား မြန်မာနိုင်ငံတွင် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး အဓိကကျသည့် စီးပွားရေးမောင်းနှင်အားကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်

❖ စီးပွားရေးမောင်းနှင်အား ပိုမိုတိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကာ ဒို့တာဝန်အရေးသုံးပါး ဖျက်ဆီးနေသူများကို တပ်မတော်နှင့် ပြည်သူ လက်တွဲပြီးအပြီးတိုင် ချေမှုန်းရှင်းလင်းကြရမည်

# သထုံမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**သထုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် သထုံခရိုင်ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းဆပ်ကော်မတီမှကြီးမှူး၍ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ခရိုင်ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ၊ ခရိုင်ဥပဒေအရာရှိ ဦးသန့်ဇင်အေးက အမှာစကားပြောကြားပြီး ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုစိုးက ကလေးသူငယ်၏ အသက်အရွယ်အပိုင်းအခြားနှင့် ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ တည်ဆဲဥပဒေအရ ကလေးအလုပ်သမား ခိုင်းစေခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ၊ အလုပ်ရုံအလုပ်ဌာနများအနေဖြင့် ကလေးအလုပ်သမား အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ သိရှိထားရမည့် အချက်များ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကလေးအလုပ်သမား ကင်းစင်ရေး ဆောင်ရွက်နေမှုများ ဆွေးနွေးဟောပြောသည်။

ယင်းနောက်တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များအလိုက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ဆွေးနွေးကြကာ လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



သန်လျင်ခရိုင် ဒီဇင်ဘာလူထုအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက သန်လျင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစုရပ်ရှေ့၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၃၅၀ ကျော်တို့ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။ သန်းဝင်း(သန်လျင်)



# ကျိုင်းတုံ၌ နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ နှစ်(၅၀) ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ယနေ့ညနေပိုင်းတွင် အဆိုပါမြို့ရှိ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀) ပြည့် ရွှေရတုအာခါအမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အာခါတိုင်းရင်းသားအဆိုရှင်များက အမျိုးသားနေ့အဖွင့်သီချင်းကို သီဆိုကြသည်။ ယင်းနောက် တိုင်းမှူးက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အာခါတိုင်းရင်းသားများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဟိုပုံးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၄၀၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး/အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး (အပေါ်ပုံ) ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နမ်းဟုတ်ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ပစ္စည်း ပြခန်းအား လှည့်လည်ကြည့်ရှုသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းရှိ သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံပြည်သူ ၁၃၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို / သွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စစ်ဆေးပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဆေးရုံဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရက်ကန်းပညာရပ်တိမ်ကောပပျောက်မှုမရှိစေရန် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြား



မုဒုံ ဒီဇင်ဘာ ၂၈

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် လက်ရက်ကန်းခြောက်လသင်တန်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံစီးပွားရေးနှင့် (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ သဘာဝဆိုးဆေးကို အခြေခံ၍ အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်စေရန်၊ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရန်၊ ရက်ကန်းလုပ်ငန်းများ ကျွမ်းကျင်စွာတတ်မြောက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ တိုးပွားလာစေရန်နှင့် ယင်းလုပ်ငန်းများ လိုအပ်သောနည်းပညာအထောက်အပံ့များ ဆောင်ရွက်ပေးနိုင်ရန်အတွက် လက်ရက်ကန်းသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော်က ပြောသည်။

အဆိုပါ လက်ရက်ကန်းသင်တန်းကို နည်းပြများက အထည်ခွဲစိတ်လေ့လာခြင်း၊ အဖြူချွတ်ဆေးဆိုး၊ အထည်ဒီဇိုင်း၊ လက်ချည်မျှင်ဆွဲ၊ ရိုးရာဂျပ်ခုတ်ဘာသာရပ်များနှင့် စက်ချုပ်၊ ဖဲနှပ်ကောက် စသည့်ပညာရပ်တို့ကို သင်တန်းသား ၁၀ ဦးအား ခြောက်လကြာ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

# ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ ဖြတ်တောက်ရေး ရည်မှန်းချက်အသစ်များ ဂျပန်ချမှတ်မည်



ဂျပန် ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရု။

**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန်အစိုးရသည် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန် အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် နိုင်ငံ၏ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ဖြတ်တောက်ရေး ရည်မှန်းချက်အသစ်များကို ချမှတ်ရန် ရည်ရွယ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**လျှော့ချသွားရန်တောင်းဆို**

ဂျပန်အစိုးရသည် ဒီဇင်ဘာ ၂၇ ရက်က အစည်းအဝေးတွင် အဆိုပါ အစီအစဉ်နှင့်ပတ်သက်ပြီး ပြုစုခဲ့ရာ ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးပမာဏကို၂၀၃၅ ခုနှစ် ဘဏ္ဍာနှစ်တွင် ၂၀၁၃ ခုနှစ်ဘဏ္ဍာနှစ်၏ ၆၀ ရာခိုင်နှုန်း၊ ၂၀၄၀ ပြည့်နှစ်ဘဏ္ဍာနှစ်တွင်၂၀၁၃ ခုနှစ်ဘဏ္ဍာနှစ်၏ ၇၃ ရာခိုင်နှုန်း လျှော့ချသွားရန် တောင်းဆိုထားသည်။

**အလေးပေးပြောကြား**

ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရုက ရည်မှန်းချက်များချမှတ်ရုံဖြင့် မလုံလောက်ဟုဆိုကာ ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရများ၊ ကုမ္ပဏီများနှင့် ပြည်သူများ အတူတကွ ပူးပေါင်းလုပ်ဆောင်မှု၏ အရေးပါမှုကို အလေးပေးပြောကြားသည်။

ထို့အပြင် အစီအမံများကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့ဝန်ကြီးများကိုလည်း ညွှန်ကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# လေဆိပ်တိုက်ခိုက်ခံရပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ယီမင်မှထွက်ခွာ

**အမ္မန် ဒီဇင်ဘာ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆုသည် ယီမင်နိုင်ငံ ဆာနားနိုင်ငံတကာလေဆိပ်တွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သောင်တင်နေခဲ့ပြီးနောက် ဒီဇင်ဘာ ၂၇ ရက်တွင် ဒဏ်ရာရရှိထားသည့် ကုလသမဂ္ဂမှ ဝန်ထမ်းတစ်ဦးနှင့်အတူ ယီမင်နိုင်ငံမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ဂျော်ဒန်နိုင်ငံကို ရောက်ရှိနေပြီဖြစ်ပြီး ဒဏ်ရာရရှိသွားသည့် ဝန်ထမ်းကို နောက်ထပ်ဆေးကုသမှုများ ထပ်မံလုပ်ဆောင်ရဦးမည်ဟု တက်ဒရို့စ်က လူမှုကွန်ရက် မီဒီယာစာမျက်နှာပေါ် တွင် ရေးသားခဲ့သည်။ ဒီဇင်ဘာ ၂၆ ရက်က လေဆိပ်၌ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

တက်ဒရို့စ်နှင့် ကုလသမဂ္ဂအရာရှိများ ယီမင်နိုင်ငံ မှ ထွက်ခွာရန် ပြင်ဆင်နေစဉ် လေကြောင်းတိုက်ခိုက်မှု နှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ တက်ဒရို့စ်သည် ဟူသီသူပုန်များ ဖမ်းဆီးထားသည့် ကုလသမဂ္ဂမှ ဝန်ထမ်း ၁၃ ဦးကို ပြန်လွှတ်ပေးရေးအတွက် ဆွေးနွေးရန် ယီမင်နိုင်ငံသို့ ရောက်ရှိနေချိန် အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆု။

အရပ်သားများအား တိုက်ခိုက်မှုကို ရပ်တန့်ရမည်ဟု ၎င်းက ဆက်ပြောသည်။ အစ္စရေးဘက်ကလည်း အဆိုပါ တိုက်ခိုက်မှုကို အတည်ပြုခဲ့ပြီး အီရန်လက်နက်မှောင်ခို တင်သွင်းရာတွင် အသုံးပြုသည့် ဟူသီအဆောက်အအုံကို ပစ်မှတ်ထားကာတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် လေဆိပ်နှင့် အခြားသော နေရာများ သိသိသာသာ ပျက်စီးသွားသည်ဟု ဟူသီ ရုပ်သံဖြစ်သည့် အယ်-မက်ဆီရာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အမေရိကန်၌ အိုးမဲ့အိမ်မဲ့ဦးရေ စံချိန်တင်မြင့်မား

**နယူးယောက် ဒီဇင်ဘာ ၂၈**

အမေရိကန်၌ ၂၀၂၄ ခုနှစ်အတွင်း အိုးမဲ့အိမ်မဲ့ဦးရေမှာ အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာကြောင်း ပြည်နယ်အများအပြား၌ အိုးမဲ့အိမ်မဲ့ဖြစ်မှုမှာ ရာခိုင်နှုန်းတိုးလာကြောင်း ဒီဇင်ဘာ ၂၇ ရက်က ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

အမေရိကန် အိမ်ရာနှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဌာန၏ နှစ်ပတ်လည် အစီရင်ခံစာအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ တစ်ညအတွင်း၌ပင် အိုးမဲ့အိမ်မဲ့ဦးရေမှာ လူပေါင်း ၇၇၁၄၈၀ ရှိပြီး ၂၀၂၃ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၈ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ အီလီနွိုက်၊ဟာဝိုင်ယီနှင့် အခြားသော ပြည်နယ်များတွင်လည်း အိမ်ရာစရိတ်မြင့်မားမှုနှင့် ရွှေ့ပြောင်းနေထိုင်လာမှုများပြားလာသည့်အတွက် အိုးမဲ့အိမ်မဲ့ဦးရေ မြင့်မားလာမှုနှင့် တွေ့ကြုံနေရသည်။

ချီကာဂိုတွင် ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းဝင်ရောက်လာသည့်အတွက် ယခုနှစ်အတွင်း အိုးမဲ့အိမ်မဲ့ဦးရေ ၉၁ ရာခိုင်နှုန်း တိုးလာသည်။ ဟာဝိုင်ယီတွင် အိုးမဲ့အိမ်မဲ့ဦးရေ ၁၁၆၃၇ ဦးရှိပြီး ယမန်နှစ်က ဖြစ်ပွားခဲ့သည့် တောမီးကြောင့် လူပေါင်း ၅၂၀၀ ကျော်သည် သဘာဝဘေးအန္တရာယ် အရေးပေါ် ခိုလှုံရာနေရာများတွင် နေထိုင်နေရသည်။ အိမ်မရှိသူများအတွက် အိမ်ရာတိုးမြှင့်ရန် ကြိုးပမ်းမှုနှင့် အသုံးစရိတ်များစွာစိုက်ထုတ်ခဲ့သော်လည်း လော့အိန်ဂျလိစ်၌ အိုးမဲ့အိမ်မဲ့ဦးရေကို ၅ ရာခိုင်နှုန်းသာ လျှော့ချနိုင်ခဲ့သည်။

**ဆင်ဟွာ**

# အာဂျင်တီးနားနိုင်ငံ အမျိုးသားဥယျာဉ်၌ တောမီးကြောင့် ဟက်တာ ၁၄၀၀ မီးလောင်ပျက်စီး

**ဗျူနိုအေရိစ် ဒီဇင်ဘာ ၂၈**

အာဂျင်တီးနားနိုင်ငံ တောင်ပိုင်း ရီယိုနီဂရိုးပြည်နယ်ရှိ အထင်ကရ နာဝုယ်ဟွာပီအမျိုးသားဥယျာဉ်၌ တောမီးလောင်မှု ဖြစ်ပွားသဖြင့် ၁၄၅၀ ဟက်တာခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသတွင်း အာဏာပိုင်များက ဒီဇင်ဘာ ၂၇ ရက်က ထုတ်ပြန်ထားသည်။

ပန်းခြံ၏ တောင်ဘက်ခြမ်း၌ ဒီဇင်ဘာ ၂၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး ထိုမှတစ်ဆင့် မြောက်ပိုင်း မာတင်ရေကန်သို့ ကူးစက်လောင်ခဲ့ရာ ၂၀၂၂ ခုနှစ်အတွင်း တောမီးကြောင့် ပျက်စီးနေသည့် နေရာသို့ ရောက်ရှိခဲ့ကြောင်း ပန်းခြံအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။



အာဂျင်တီးနားနိုင်ငံ အမျိုးသားဥယျာဉ်၌ တောမီးလောင်မှုကို တွေ့ရစဉ်။

လုံခြုံရေးအရ သဘာဝထိန်းသိမ်းရေး နယ်မြေ၏ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများအတွင်း လမ်းကြောင်းများကို ပိတ်ထားခဲ့ကြောင်း အဆိုပါ အဖွဲ့က ပြောကြားသည်။ တောမီး၏ မီးခိုးများက ဆောင်းရာသီတွင် နှင်းလျှောစီးသည့် တောင်စောင်းများနှင့် နွေရာသီတွင် ရေကန်များနှင့် တောင်များကြောင့် လူသိများသည့် အာဂျင်တီးနားနိုင်ငံ၏ ထိပ်တန်းခရီးသွားနေရာများထဲမှ တစ်ခုဖြစ်သည့် ဘာရီလိုချီမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဒေသတွင်း အာဏာပိုင်များက ပြောကြားသည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံအနောက်ပိုင်း ရွှေ့ပြောင်းစခန်းများ အာအက်စ်အက်ဖ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ၂၀ ထက်မနည်းသေဆုံး

**ခါတွန် ဒီဇင်ဘာ ၂၈**

ဆူဒန်နိုင်ငံ အနောက်ပိုင်း အယ်ဖာရှာရွှေ့ပြောင်းစခန်းနှစ်ခုသို့ အရန်အမြန်ထောက်ပံ့ရေးတပ်ဖွဲ့(အာအက်စ်အက်ဖ်)က တိုက်ခိုက်မှု နှစ်ခုပြုလုပ်သဖြင့် အရပ်သား ၂၀ ထက်မနည်းသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းအာဏာပိုင်တစ်ဦးက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဒီဇင်ဘာ ၂၇ ရက်ညပိုင်းက အာအက်စ်အက်ဖ်မောင်းသူမဲ့လေယာဉ်တစ်စင်းက ခေါ့ဇ်ဘီနာစာသင်ကျောင်းသို့ ဗုံးလေးလုံးကြဲချခဲ့ရာ အရပ်သား ၁၉ ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိကြောင်း မြောက်ဒါဖာပြည်နယ်ညွှန်ကြားရေးမှူးချုပ် အီဘရာဟင် ခါတီယာက ပြောကြားသည်။

ဒီဇင်ဘာ ၂၈ ရက်နံနက်ပိုင်းက အယ်ဖာရှာမြောက်ပိုင်း အာဘူရှော့ခ်နေရပ်စွန့်ခွာစခန်းပေါ်သို့ အမြောက်များဖြင့် ပစ်ခတ်သဖြင့် အရပ်သား တစ်ဦးသေဆုံးပြီး မိန်းကလေးတစ်ဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး အာအက်စ်အက်ဖ်က မည်သည့်မှတ်ချက်မျှ မပေးသေးပေ။ ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့(အက်စ်အေအက်ဖ်)နှင့် အာအက်စ်အက်ဖ်တို့အကြား မေ ၁၀ ရက်မှစကာ ဆူဒန်နိုင်ငံ မြောက်ဒါဖာပြည်နယ်၏ မြို့တော် အယ်ဖာရှာ၌ ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ် မေလလယ်မှစကာ ယင်းအဖွဲ့နှစ်ခုအကြား ပြင်းထန်သည့် ပဋိပက္ခများကြောင့် လူပေါင်း ၂၉၆၈၃ ဦး ထက်မနည်းသေဆုံးပြီး ၁၄ သန်းကျော် ပြည်တွင်းပြည်ပသို့ ပြောင်းရွှေ့ခဲ့ရကြောင်း နိုင်ငံတကာအဖွဲ့အစည်းများ၏ နောက်ဆုံးခန့်မှန်းချက်များ အရ သိရသည်။

**ဆင်ဟွာ**

# အဇာဘိုင်-ဂျန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်ပျက်ကျမှု နည်းပညာပိုင်းဆိုင်ရာ ပြည်ပ ဝင်ရောက်စွက်ဖက်မှုဟု အပြစ်တင်

**ဘာကူ ဒီဇင်ဘာ ၂၈**

အဇာဘိုင်-ဂျန်လေကြောင်းလိုင်းသည် ဒီဇင်ဘာ ၂၅ ရက်က ကာဇက်စတန်နိုင်ငံတွင် ၎င်းတို့၏ ခရီးသည်တင်လေယာဉ်ပျက်ကျမှု၏ နောက်ကွယ်က ဖြစ်နိုင်ဖွယ်ရာ အကြောင်းအရင်းအဖြစ်တစ်ခုအဖြစ် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပြည်ပဝင်ရောက်စွက်ဖက်မှုကို ပြစ်တင်ပြောကြားလိုက်သည်။

လူပေါင်း ၃၈ ဦး သေဆုံးမှုဖြစ်ပွားခဲ့သော လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ပဏာမစုံစမ်းစစ်ဆေးရလဒ်များအပေါ် အခြေခံ၍ ဒီဇင်ဘာ ၂၇ ရက်တွင် လေကြောင်းအော်ပရေတာက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ခရီးသည် ၆၇ ဦးတင်ဆောင်လာသော အဆိုပါလေယာဉ်သည် ကာဇက်စတန်နိုင်ငံ အနောက်ပိုင်း အက်ခ်တောမြို့ လေဆိပ်တစ်ခုအနီး ပျက်ကျခဲ့ခြင်း ဖြစ်သည်။ အဆိုပါ လေယာဉ်သည် မြို့တော်ဘာကူမှ ရုရှားနိုင်ငံတောင်ပိုင်းသို့ ဦးတည် ပျံသန်းထွက်ခွာလာသော လေယာဉ်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး(CPU) အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၄/၂၀၂၄ ကို ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဌာန (CPU) ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (CPU) အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီးက (CPU) အဖွဲ့အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် လစဉ်အစီရင်ခံစာများတွင် အချက်အလက်များ ပြည့်စုံစွာဖော်ပြရေးဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းရပ်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ အဂတိလိုက်စားမှုပပျောက်ရေးအတွက် တစ်ဦးချင်းတစ်ယောက်ချင်းမှ



စ၍ အဖွဲ့အစည်းတစ်ခုလုံး လိုက်နာကျင့်သုံးရေး၊ မိမိတို့ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းအသီးအသီးနှင့် ထိတွေ့ဆက်ဆံသော နေရာဒေသများတွင် အဂတိလိုက်စားမှု၏ဆိုးကျိုးများကို အသိပညာပေးစည်းရုံးဆွေးနွေးသွားကြရန် ဆွေးနွေးမှာကြားပြီး ဝန်ကြီးဌာနမှ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programmee – PFP) ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တင်ပြကြရာ (CPU) အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး (CPU)အဖွဲ့က ဌာနများအတွင်း အဂတိလိုက်စားမှုမဖြစ်ပေါ်စေရန် ရည်ရွယ်၍ စီမံခန့်ခွဲမှုအရဆောင်ရွက်ပေးမှု (၄၄)ကြိမ်၊ အသိပညာပေး ဟောပြောမှု ၅၅၇ ကြိမ်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေမှု ၃၇၅၆ စောင်၊ သင်တန်းပို့ချမှု (၂၂)ကြိမ်နှင့် အလုပ်ရုံဆွေးနွေးပွဲ (၁၀)ကြိမ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဒဂုံ(ဆိပ်ကမ်း)စက်မှုဇုန်တွင် အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန်ကနောင်ခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ စက်ရုံ၊ အလုပ်ရုံများမှ အခြေခံအလုပ်သမားအဖွဲ့ဝင်များ၊ အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန်ပြင်ဆင်ထားသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တိုင်းဒေသကြီးအဆင့် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်၊ အလုပ်သမားရေးရာ အဖွဲ့တို့ကို အလုပ်သမားများ၏ ဆန္ဒသဘောထားအရ အဆင့်ဆင့်တည်ထောင်ဖွဲ့စည်းနိုင်ရေးလိုအပ်သည့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းရာတွင် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန် စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒဂုံ(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် Golden Theparerg Co., Ltd(GTP)၊ Westwood Myanmar Co., Ltd နှင့် General Enterpri–ses (GEG)(1) စက်ရုံများသို့ သွားရောက်၍ စက်ရုံအတွင်း အလုပ်သမားများ အေးချမ်းစွာ လုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်မှုသည် စက်ရုံ၏ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်သဖြင့် အလုပ်ရှင်၊ အလုပ်သမားများက အလေးထားဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

သတင်းစဉ်

# အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ကော်မတီဝင်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကလေးအလုပ်သမားဖြစ်ရပ်အများစုသည် မိသားစုစီးပွားရေးမပြေလည်သဖြင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်းအတွက် အခမဲ့ပညာသင်ကြားရေးနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိပြီး အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ကြားပေးနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးမှုများသည် အရေးအတွက်ထက် ပြန်လည်အသုံးချနိုင်သည့်အဆင့်ထိ သင်ကြားပေးရန်လိုကြောင်း၊ အဓမ္မခိုင်းစေခံရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတွင် အသိပညာများရရှိလာစေခြင်း၊ အဆိုးရွားဆုံးခိုင်းစေခံရခြင်းမှ လျော့နည်းလာစေခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြ၍ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# မကွေးတိုင်းဒေသကြီး တရားသူကြီးချုပ် သရက်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



**သရက် ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်သည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစိုး၊ သရက်ခရိုင်တရားသူကြီး၊ တိုင်းဒေသကြီးတရားလွှတ်တော် ရုံးအဖွဲ့မှူး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ယမန်နေ့ နံနက် ၁၀ နာရီက သရက်အကျဉ်းထောင်အား သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အကျဉ်းသား အကျဉ်းသူများအား ဥပဒေပါအခွင့်အရေးများ ရရှိမှု ရှိ/မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားညှဉ်းပန်းနှိပ်စက်မှုများ ရှိ/မရှိ၊ သောက်သုံးရေ သန့်ရှင်းစင်ကြယ်မှု ရှိ/မရှိ၊ အစားအသောက် အာဟာရသင့်တင့်မျှတကောင်းမွန်စွာကျွေးမွေးမှု ရှိ/မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းမှု ရှိ/မရှိ၊ အဆောင်များ သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်လေထွက်ကောင်းမွန်မှု ရှိ/မရှိ၊ အမျိုးသမီး အကျဉ်းသူများ၊ အချုပ်သားများအား အကာအရံလုံခြုံစွာဖြင့် အမျိုးသမီးအဖော်များနှင့် စောင့်ရှောက်မှု ရှိ/မရှိ၊ စစ်ဆေးဆဲအမှုများမှ ကြန့်ကြာသည့်အချုပ်တရားခံများ ရှိ/မရှိ၊ လူ့အခွင့်အရေးများချိုးဖောက်မှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်ထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုပြီး အကျဉ်းသားအကျဉ်းသူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ သရက် အကျဉ်းထောင်အတွင်း အပြစ်ကျအကျဉ်းသား အမျိုးသား ၆၆၂ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၇၄၃ ဦး နှင့် တရားရုံးစစ်ဆေးဆဲအချုပ်သား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၃ ဦးရှိကြောင်း သိရသည်။

ဇော်ဝမ်းထွန်း(အောင်လံ)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တနင်္သာရီတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ



**ထားဝယ် ဒီဇင်ဘာ ၂၈**
ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး အားကစားလေ့ကျင့်သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ကိုယ်လက်ကြံ့ခိုင်ရန် ပါဝင်ဆင်နွှဲရေးတို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ဖွင့်လှစ်ပေးပြီး လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိအားကစားကွင်းအတွင်း ဝိုင်းပတ်၍ တစ်မိုင်ခွဲ စုပေါင်းလမ်းလျှောက်ခဲ့ကြကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁) ကို စုပေါင်း၍ ပြုလုပ်ခဲ့ပြီး ကိုယ်လက်ကြံ့ခိုင်ရေးအကကို တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၆၄၀ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက အုပ်စုများခွဲ၍ လွန်ဆွဲပြိုင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြရာ ဆုရရှိသည့်အသင်းအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီတို့က ရခိုင်ပြည်နယ်ရှိ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲနှင့် ဆားများ ပေးအပ်ချီးမြှင့်

**စစ်တွေ ဒီဇင်ဘာ ၂၈**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့ဝင်များက စတင်ဖွင့်လှစ်ပေးပြီးနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော်တို့က ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ စုရပ်မှစတင်ကာ မေယုလမ်းတစ်လျှောက် ထိုမှတစ်ဆင့် သတ္တဌာနလမ်းမှ စစ်တွေမြို့ ဧည့ဝတီအားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်း ပွဲကြည့်စင်ရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ်များကို ပြုလုပ်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီတို့က ရခိုင်ပြည်နယ်ရှိ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲနှင့် ဆားများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခြေခံစားကုန်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ဝန်ထမ်းများအတွက် အခြေခံစားကုန်များ ချီးမြှင့်ပေးအပ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သည့် ဆန်အိတ် ၁၀၀၊ ပဲ ပိဿာ ၁၀၀၀၊ ဆား ပိဿာ ၁၀၀၊ ဆီ ပိဿာ ၂၅၀ နှင့် စည်သွတ်ဘူး ၅၀၀ တို့ဖြစ်ပြီး သူရိယစန္ဒာဝင်းကုမ္ပဏီက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ခန့်တန်ဖိုးရှိ ကြက်သားစည်သွတ်ဘူး ၂၆၄၀၊ ကြက်သွန်နီ ပိဿာ ၂၂၅၀၊ ကြက်သွန်ဖြူ ၃၁၈ ပိဿာ၊ ငရုတ်သီးခြောက် ပိဿာ ၄၀၀၊ မာမားခေါက်ဆွဲထုပ် ၁၈၀၀၀၊ ကြာဆံ ၁၀၉ အိတ်နှင့် ရွှေကျီးကိတ်ခြောက် ၂၀၀၈ ထုပ်တို့ကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း( ပြန်/ဆက်)၊ ဓာတ်ပုံ – ဝင်းမင်းစိုး**

# ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် နှစ်ပတ်လည်စည်းဝေး



**ပုသိမ် ဒီဇင်ဘာ ၂၈**
ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် လီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ သဘာပတိတို့က အမှာစကားများ ပြောကြားပြီးနောက် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်၏ အစီရင်ခံစာများကို ဖတ်ကြားသည်။ ယင်းနောက် အသင်းဝင်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် အမှုဆောင်ဒါရိုက်တာအဖွဲ့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အတည်ပြုချက်များ ရယူခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၆–၁–၂၀၂၅ ရက်မှ ၁၄–၂–၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်–၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်–၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂–၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)**
  အမှတ်–၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း– ၀၈၁–၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများနှင့်အတူ ...

# အနီးအဝေးဖြစ်ရပ်များကနေ တွေးမိသည့်... လွတ်လပ်ရေး အတွေးတစ်စ

မြင့်မြတ်

ကြွေတစ်လုည့် ကြက်တစ်ခုန်၊ သူတစ်ပြန် ကိုယ်တစ်ပြန်၊ မပြီးနိုင်မစီးနိုင် မဆုံးနိုင်တဲ့ အဆိုးအကျော့ သံသရာထဲ ထပ်မံနစ်ဆဲ မြုပ်ဆဲ အရှေ့အလယ်ပိုင်းဒေသက ဆီးရီးယားပြည်သူတို့ရဲ့ဘဝ။

လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံကမတိုးတက်ပေမယ့် အထိုက်အလျောက်တော့ တည်ငြိမ်မှုရှိခဲ့တဲ့နိုင်ငံ၊ အိမ်နီးချင်း တူကီယဲနဲ့ အစ္စရေး၊ အဝေးက အင်အားကြီးနိုင်ငံများရဲ့ စစ်ရေး၊ နိုင်ငံရေးဖိအားတွေအောက်မှာ (Weak State) အားနည်းနိုင်ငံအခြေအနေကနေ (Fail State) ကျဆုံးနိုင်ငံအဖြစ်ကိုကျော်ပြီး ယခုတော့ (Collapse State) ပြိုလဲပျက်သုဉ်းတဲ့ဘဝ အလျင်အမြန်ရောက်သွားရပါပြီ။

အာဏာရှင်တိုက်ဖျက်ရေးခေါင်းစဉ်အောက်မှာ အာဆတ်ခေါင်းဆောင်တဲ့ ဆီးရီးယားခေတ်တစ်ခေတ်ကို HTS ဆိုတဲ့ အကြမ်းဖက်ညွန့်ပေါင်း လက်နက်ကိုင်အဖွဲ့တွေက အဆုံးသတ်ခဲ့တဲ့နေ့စွဲတွေအတွင်းမှာ နိုင်ငံရေးရေချိန်နိမ့်လွန်းလှတဲ့ ဆီးရီးယားပြည်သူတွေဟာ အာဏာရှင်ပြုတ်ကျပြီဆိုပြီး အပျော်ကြီးပျော်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့ရဲ့အပျော်တွေက ရေပွက်ပမာ – ခဏတာဆိုသလို တာရှည်ခံပ့ါမလား။

**သုံးပိုင်းကွဲထွက်တော့မယ့် ဆီးရီးယား**

ချက်ချင်းဆိုသလို အစ္စရေးက ဝါးအစည်းပြေသလို ပြိုကွဲနေတဲ့ ဆီးရီးယားနေရာအနှံ့ အပြင်းအထန်ဗုံးကြဲပြီး ဆီးရီးယား – အစ္စရေးနယ်စပ်က ဆီးရီးယားပိုင် ဂိုလမ်တောင်ကုန်းကို အပြီးသိမ်းပိုက်လိုက်တယ်။ ယခုအချိန်မှာ အစ္စရေးမြေပြင်တပ်တွေဟာ ဆီးရီးယားအတွင်းပိုင်းအထိ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီး ဆီးရီးယားမြေတွေကို ဖွဲ့ယူနေပါပြီ။ ဆီးရီးယားသမ္မတအာဆတ်ကို ဖြုတ်ချခဲ့တဲ့ ဟာရက်တီရာအယ်လ်ရှန် (HTS) အဖွဲ့က တူကီယဲရဲ့ထောက်ခံပံ့ပိုးမှုနဲ့အတူ ဆီးရီးယားကို သိမ်းပိုက်ခဲ့တာပါ။ ဒ့ါအပြင် ဆီးရီးယားမှာ အမေရိကန်က ထောက်ခံတဲ့ ဆီးရီးယားကာ့ဒ်တွေနဲ့ အာဆတ်ကို ဆန့်ကျင်တဲ့ လက်နက်ကိုင်အဖွဲ့များစွာလည်း ရှိပါသေးတယ်။

ဒ့ါအပြင် နိုင်ငံအတွင်းမှာ ရုရှားရေတပ်စစ်အခြေစိုက်စခန်းလည်း ရှိနေတယ်။ ဒါကြောင့် ဆီးရီးယားမှာ အာဆတ်ကို ဖြုတ်ချခဲ့တဲ့ တူကီယဲ Proxy တစ်ဖြစ်လဲ HTS အဖွဲ့ရယ်၊ ဆီးရီးယားအခက်မှာ အမြတ်ထွက်သွားတဲ့ အစ္စရေးရယ်၊ US ကြားခံ Proxy လက်နက်ကိုင်အဖွဲ့တွေရယ် သုံးပွင့်ဆိုင်သုံးပိုင်းအကွဲတွေကြားမှာ ထပ်ဆင့်ပဋိပက္ခများ မလွဲမသွေဖြစ်လာပြီး နိုင်ငံပြိုကွဲတော့မယ့် အရိပ်အယောင်တွေကို စတင်တွေ့မြင်နေရပါပြီ။ ပြည်ပပယောဂအမျိုးမျိုးနဲ့ အပြိုင်တိုက်ခိုက်နေကြတဲ့ စစ်နယ်ရှင်တွေကြောင့် နောက်တစ်ကျော့ဖြစ်လာမယ့် ဆီးရီးယားနယ်မြေလုစစ်ပွဲ။ စစ်ပွဲတွေရဲ့ အစဟာ ယခုမှ ပေါက်ကွဲထွက်တော့မှာဖြစ်ပါတယ်။ HTS နဲ့တကွ နိုင်ငံတကာ စွက်ဖက်မှုအမျိုးမျိုးကြောင့် ဆီးရီးယားပြည်သူတွေအနေနဲ့ ကြုံတွေ့ရမယ့် အနိဋ္ဌာရုံကံကြမ္မာဆိုးတွေကို ယခုအချိန်မှာ စတင်ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။

**စစ်ကိုခေါ်ခဲ့သူတွေကြောင့်**

တင်ပြချင်တဲ့အချက်က ဆီးရီးယားနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ဆီးရီးယားပြည်သူတို့ရဲ့ လွတ်လပ်ရေးက အမှန်တကယ် ကျဆုံးသွားခဲ့ရပါပြီ။ နိုင်ငံများစွာရဲ့ ခြယ်လှယ်မှုအောက်မှာ အချုပ်အခြာ နယ်နိမိတ်ဆုံးရှုံးနေတဲ့ နိုင်ငံတစ်နိုင်ငံဟာ ကိုလိုနီလက်အောက်ခံဘဝနဲ့ လွတ်လပ်ရေးဆုံးရှုံးသွားသလို ခံစားရပါတယ်။ ဆီးရီးယားအဖြစ်က နိုင်ငံတစ်နိုင်ငံတည်းရဲ့ အသိမ်းပိုက်ခံဘဝမျိုးမဟုတ် အနည်းဆုံး နိုင်ငံသုံးနိုင်ငံလက်အောက်ကျရောက်သွားခြင်းမျိုးပါ။

ဆီးရီးယားပြည်သူတို့အတွက် အလွန်နာကြည်းကြေကွဲဖွယ်ဖြစ်ရပ်ပါပဲ။ ယခုလို ဆီးရီးယားနိုင်ငံ အချုပ်အခြာဆုံးရှုံးရခြင်းဖြစ်စဉ်မှာ ဆီးရီးယားခေါင်းဆောင်နဲ့ အစိုးရအဖွဲ့မှာတာဝန်ရှိသလို ဆီးရီးယားပြည်သူတွေရဲ့အပြစ်လည်း မကင်းပါဘူး။ ဆီးရီးယားပြည်သူတွေဟာ အတိတ်က ချမ်းသာကြွယ်ဝခဲ့တဲ့ အီရတ်၊ လစ်ဗျား စတဲ့ နိုင်ငံတွေမှာလို ဆက်ဒမ်ဟူစိန်၊ ကဒါဖီတို့လို ခေါင်းဆောင်တွေကို အာဏာရှင်ခေါင်းစဉ်တပ်ပြီး အမေရိကန်နယ်ချဲ့ အလိုကျဖြုတ်ချခဲ့ကြတဲ့ အီရတ်၊ လစ်ဗျား ပြည်သူတွေကို အားကျခဲ့ပုံရပါတယ်။ တကယ်တော့ HTS နဲ့ ဆီးရီးယားပြည်သူတွေဟာ စစ်ကိုခေါ်ခဲ့မိကြပါပြီ။

စစ်ကိုခေါ်တော့ စစ်ကလာနေပါပြီ။ ကိုယ့်နိုင်ငံ ကိုယ်ပြန်ဖျက်သူတွေအဖြစ် သမိုင်းတရားခံတွေဖြစ်ခဲ့ရပြီ။ HTS ပေါ်လာမှ မြို့တွေ၊ ရွာတွေ ထပ်မံပျက်စီးရတယ်ဆိုရင် ဒါ ဘယ်သူ့အပြစ်မှမဟုတ်ပါဘူး။ စစ်ကိုခေါ်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့တွေနဲ့ သူတို့ကို လက်ကမ်းကြိုဆိုခဲ့ကြတဲ့ နိုင်ငံရေးရေချိန်နိမ့် ပြည်သူတွေရဲ့ အပြစ်ပါပဲ။

ဆီးရီးယားကို သိမ်းပိုက်ခဲ့တဲ့ HTS အဖွဲ့ဆိုတာ ယခင် အယ်လ်ကိုင်ဒါ အစ္စလာမ် အစွန်းရောက်အကြမ်းဖက်အဖွဲ့က သက်ဆင်းလာတဲ့ အယ်လ်နူ ဆာရာတပ်ဦးရဲ့ အမွေခံအဖွဲ့တစ်ခုဖြစ်ပါတယ်။ HTS ခေါင်းဆောင် အယ်ဂျူလာနီဟာ တစ်ချိန်က ISIS အဖွဲ့ဝင် ဖြစ်ခဲ့ဖူးတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုယ်တိုင်က အကြမ်းဖက်တွေအဖြစ် သတ်မှတ်ထားတဲ့ အစွန်းရောက်လက်နက်ကိုင်တွေဖြစ်ပါတယ်။

သူတို့ဟာ ဆီးရီးယားအနောက်မြောက်ပိုင်းက အီလစ်ဘ်မြို့ကို ၂၀၁၇ ခုနှစ်ကတည်းက သိမ်းပိုက်ခဲ့ခြင်းဖြစ်တယ်။ ထိုအချိန်ထိုကာလ ကတည်းက ယခုပြုတ်ကျသွားတဲ့ သမ္မတအာဆတ်ဟာ အီလစ်ဘ်ကို ဘာကြောင့်ပြန်လည်မသိမ်းပိုက်ခဲ့တာလဲ။ ခေါင်းဆောင်တစ်ယောက်ရဲ့ အမြော်အမြင်နည်းမှု၊ သုံးသပ်နိုင်မှု အားနည်းချက်တွေဟာ ဆီးရီးယား အခုလိုဖြစ်ရခြင်းအခြေအနေတွေကို လွှမ်းမိုးခဲ့လေသလား။ ဒါကြောင့်လည်း အီလစ်ဘ်မှာ HTS ရဲ့အုပ်ချုပ်မှုပုံစံကို ဘီဘီစီတို့လို အနောက်မီဒီယာတွေက အမွှမ်းတင် အကောင်းမြင်ဝါဒဖြန့်ခွင့် ရခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် HTS တို့မသိတာက တူကီယဲနဲ့ အစ္စရေးတို့ရဲ့ လွှမ်းမိုးမှုအောက်မှာ တစ်နိုင်ငံလုံးကို အပြည့်အဝအုပ်ချုပ်ခွင့်မှ ရပ့ါမလား၊ လက်နက်နဲ့ နယ်မြေတွေကို တိုက်ခိုက်သိမ်းပိုက်နိုင်တာထက် သိမ်းပြီးနယ်မြေတွေမှာ တည်ငြိမ်အေးချမ်းအောင် ဘယ်လောက်ထိန်းရခက်မလဲ၊ သိမ်းတာထက် ထိန်းဖို့ခက်တဲ့အနေအထားကို HTS ရော ပြည်သူတွေပါ အချိန်တန်မှ နားလည်လာမယ်လို့ ယူဆပါတယ်။

**စိတ်ဓာတ်နှင့်ရုပ်ပစ္စည်းဆိုင်ရာ အဓိကအင်အားနှစ်ရပ်**

ဆီးရီးယားပြည်သူတွေ မျှော်လင့်တဲ့ နိုင်ငံသစ်ဆိုတာ အစ္စရေး၊ တူကီယဲနဲ့ အမေရိကန် ကိုလိုနီလက်အောက်ခံဘဝ ရောက်ရတာကလွဲပြီး အပြည့်အဝ လွတ်လပ်မှုမျိုး ရနိုင်ဖွယ်ရာမရှိပါဘူး။ ဆီးရီးယားပြည်သူတွေမျှော်လင့်ခဲ့သလို အာဆတ်အစိုးရ ပြုတ်ကျသွားပေမယ့် သူတို့ပိုင်မြေပုံ၊ သူတို့နေတဲ့ မြို့တွေ ရွာတွေ၊ နိုင်ငံနယ်နိမိတ်တွေ တဖြည်းဖြည်း ပွဲပါနေတာကိုတော့ လောလောဆယ် မြင်နိုင်ဦးမယ်မထင်ဘူး။ လက်ရှိ ဆီးရီးယားမြေပုံကို တူကီယဲ၊ အစ္စရေးနဲ့ အမေရိကန်တို့က သုံးပိုင်းခွဲဝေယူနေကြပါပြီ။

အခုလို နိုင်ငံတစ်နိုင်ငံရဲ့ မြေပုံနဲ့ အချုပ်အခြာနယ်နိမိတ် အပိုင်းပိုင်းခွဲခြားခံလိုက်ရခြင်းဟာ အားနည်းပြီး နဂိုကတည်းက တိုက်လိုခိုက်လိုစိတ်နည်းတဲ့ ဆီးရီးယားတပ်မတော်နဲ့လည်း ဆိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ အဓိကအင်အားက စိတ်ပိုင်း၊ ရုပ်ပိုင်းအင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဆီကပဲ လာပါတယ်။ စစ်တပ်အင်အားဆိုတာ Hard Power ဖြစ်တယ်။ ဒါကြောင့် အင်အားခိုင်မာတောင့်တင်းတဲ့တပ်မတော်ကို အဓိကထားပြီး ပြိုကွဲပျက်စီးအောင် ဘက်ပေါင်းစုံကနေ ပြင်းပြင်းထန်ထန် ထိုးနှက်

*စာမျက်နှာ ၁၇ သို့*



ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အီလစ်ဘ်မြို့လယ်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်က လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသည့် လူနေအိမ်ရာများ။

**❝ သူတို့ဟာ ဆီးရီးယားအနောက်မြောက်ပိုင်းက အီလစ်ဘ်မြို့ကို ၂၀၁၇ခုနှစ်ကတည်းက သိမ်းပိုက်ခဲ့ခြင်းဖြစ်တယ်။ ထိုအချိန်ထိုကာလကတည်းက ယခုပြုတ်ကျသွားတဲ့ သမ္မတအာဆတ်ဟာ အီလစ်ဘ်ကို ဘာကြောင့် ပြန်လည်မသိမ်းပိုက်ခဲ့တာလဲ။ ခေါင်းဆောင်တစ်ယောက်ရဲ့ အမြော်အမြင်နည်းမှု၊ သုံးသပ်နိုင်မှု အားနည်းချက်တွေဟာ ဆီးရီးယား အခုလိုဖြစ်ရခြင်းအခြေအနေတွေကို လွှမ်းမိုးခဲ့လေသလား။ ဒါကြောင့်လည်း အီလစ်ဘ်မှာ HTS ရဲ့အုပ်ချုပ်မှုပုံစံကို ဘီဘီစီတို့လို အနောက်မီဒီယာတွေက အမွှမ်းတင်အကောင်းမြင်ဝါဒဖြန့်ခွင့် ရခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် HTS တို့ မသိတာက တူကီယဲနဲ့ အစ္စရေးတို့ရဲ့ လွှမ်းမိုးမှုအောက်မှာ တစ်နိုင်ငံလုံးကို အပြည့်အဝအုပ်ချုပ်ခွင့်မှ ရပ့ါမလား၊ လက်နက်နဲ့နယ်မြေတွေကို တိုက်ခိုက်သိမ်းပိုက်နိုင်တာထက် သိမ်းပြီးနယ်မြေတွေမှာ တည်ငြိမ်အေးချမ်းအောင် ဘယ်လောက်ထိန်းရခက်မလဲ၊ သိမ်းတာထက် ထိန်းဖို့ခက်တဲ့ အနေအထားကို HTS ရော ပြည်သူတွေပါ အချိန်တန်မှ နားလည်လာမယ်လို့ ယူဆပါတယ်❞**

# ဟဲဟိုးမြို့ အထက (၇)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး



**ကလော ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၆ ရက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးခွဲ (အောင်ပန်း)မှ ဦးဆောင်ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ဟောပြောပွဲတွင် ဟဲဟိုးမြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မိုးက ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်နည်းများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးခွဲ (အောင်ပန်း)မှ စစ်ဆေးရေးမှူး ဦးဇာဏီထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ မော်တော်ယာဉ်၊ ဆိုင်ကယ်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ဟဲဟိုးမြို့ နယ်မြေခံစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန်းထိုက်ဦးက မှုခင်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့စိတ် ဟဲဟိုးမှ ရဲတပ်ကြပ် အုန်းဖေက ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့နည်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သထုံမြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်



**သထုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ လှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းက စုပေါင်းကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ကျော်တို့က အောက်ကျင်းရပ်ကွက် ခရိုင်မီးသတ်ဦးစီးမှူးရုံးရှေ့မှ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ကြကာ အားကစားကွင်း၌ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းနှင့် အားကစားအစီအစဉ်များကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်


**ချောင်းဆုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခြင်းများကို ယနေ့ နံနက်ပိုင်းက ချောင်းဆုံအနောက်ပိုင်းရပ်ကွက် မဟာကန်တော်ကြီးအရှေ့စုရပ်နှင့် မြို့နယ်အားကစားကွင်းတို့တွင် ပြုလုပ်သည်။

စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ စုစုပေါင်း ၇၀၀ ခန့်က မဟာကန်တော်ကြီးစုရပ်မှ မြို့ပေါ်လမ်းမကြီးတစ်လျှောက် နတ်မှော်ကျေးရွာအဝင်လမ်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးဆောင်ကာ မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်လှုပ်ရှားကျန်းမာရေး သွေးပူလေ့ကျင့်ခန်း စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ၊ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

*စာမျက်နှာ ၁၆ မှ*

တိုက်ခိုက်နေတာဖြစ်တယ်။

စစ်ပွဲတွေ၊ ပဋိပက္ခတွေ မဖြစ်အောင် တတ်နိုင်သမျှ စိတ်ရှည်သည်းခံပြီး စေ့စပ်ညှိနှိုင်းနိုင်စွမ်းက Soft Power ဖြစ်တယ်။ နှစ်ခုစလုံးအရေးကြီးပါတယ်။ ဒီနည်းလမ်းနှစ်ခုကို ဟန်ချက်ညီညီနဲ့ နိုင်ငံကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သူသာလျှင် တကယ့်ပညာဉာဏ် အမြော်အမြင်နဲ့ ပြည့်စုံသူဖြစ်ပါတယ်။ အကြမ်းမဖက်တဲ့နည်းနဲ့သာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်နိုင်တာဖြစ်တဲ့အတွက် အနာဂတ်တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုရင် ဒီလိုလူသားအရင်းအမြစ်များစွာ ပေါ်ထွက်လာဖို့လိုပါလိမ့်မယ်။

ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ့်ကဏ္ဍက ပညာရေးဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံကို အလုံးစုံပျက်စီးအောင် ကြိုးစားနေတဲ့ အဖျက်သမားတွေဟာ ဆင်ခြင်တုံတရားရှိမယ့် ပညာတတ်ပညာရှင်တွေ ပေါ်ထွက်မလာအောင်နဲ့ လူငယ်တွေ လူညွန့်တုံးသွားအောင်နဲ့ အကြမ်းဖက် သမားတွေဖြစ်လာအောင် ပညာရေးကဏ္ဍကို ဦးတည်ဖျက်ဆီးနေခြင်း ဖြစ်ပါတယ်။ အမျိုးသားရေးစရိုက်တွေ သေးသိမ်ညှိုးနွမ်းအောင်လုပ်ပြီး အမျိုးသားရေးတည်ဆောက်မှု (Nation Building) မဖြစ်အောင် ဦးနှိမ်တိုက်ခိုက်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဟန်ချက်ညီညီ တိုးတက်ရမယ့် တပ်မတော်နဲ့ ပညာရည်ပြည့်ဝတဲ့ အမျိုးသားရေး အင်အားနှစ်ရပ်မရှိဘဲ နိုင်ငံရဲ့အချုပ်အခြာနဲ့ လွတ်လပ်ရေးဟာ ဘယ်လိုမှ တည်တံ့ခိုင်မြဲမှာမဟုတ်ကြောင်း မြဲမြံစွာ ခံယူထားရမှာဖြစ်ပါတယ်။

**မိမိမှာအင်အားရှိနေဖို့သာအရေးကြီး**

ကျွန်တော်တို့ပြည်သူတွေက မြန်မာနိုင်ငံတော်ကြီးရဲ့ ယခုလို လွတ်လပ်ရေးနေ့အခါသမယမှာ ဆီးရီးယားအရေးအပါအဝင် ကမ္ဘာ့အနီးအဝေးဖြစ်ရပ်များဆီကနေ သင်ခန်းစာများများ ထုတ်ယူနိုင်ဖို့လိုပါတယ်။ မှန်မှန်ကန်ကန်သုံးသပ်ဆင်ခြင်နိုင်ဖို့လိုပါတယ်။ အမှန်မြင်မှလည်း အမြင်မှန်ရမှာဖြစ်ပါတယ်။ ဆီးရီးယားက HTS နဲ့ ပြည်သူအချို့ ပြည်ပအားကိုးပြီး အာဏာရယူနိုင်ခဲ့ပေမယ့် သူတစ်ပါးအားကိုး မှီခိုနေရတဲ့နိုင်ငံဟာ ဘယ်တော့မှ ကြာရှည်ခံမှာမဟုတ်တဲ့အကြောင်း၊ ကိုယ့်အတွက် အသုံးမဝင်တော့ရင် ရေနစ်သူဝါးကူထိုးပမာ ကူရာမဲ့ ဘဝရောက်ရမယ့်အကြောင်း ယနေ့ ဆီးရီးယား အဖြစ်အပျက်တွေ၊ လတ်တလော ယူကရိန်းအဖြစ်အပျက်တွေကနေ သင်ခန်းစာယူနိုင်ပါတယ်။

**❝ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ့်ကဏ္ဍက ပညာရေးဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံကို အလုံးစုံပျက်စီးအောင်ကြိုးစားနေတဲ့ အဖျက်သမားတွေဟာ ဆင်ခြင်တုံတရားရှိမယ့် ပညာတတ်ပညာရှင်တွေ ပေါ်ထွက်မလာအောင်နဲ့ လူငယ်တွေ လူညွန့်တုံးသွားအောင်နဲ့ အကြမ်းဖက်သမားတွေဖြစ်လာအောင် ပညာရေးကဏ္ဍကို ဦးတည်ဖျက်ဆီးနေခြင်းဖြစ်ပါတယ်။ အမျိုးသားရေးစရိုက်တွေ သေးသိမ်ညှိုးနွမ်းအောင် လုပ်ပြီး အမျိုးသားရေးတည်ဆောက်မှု (Nation Building) မဖြစ်အောင် ဦးနှိမ်တိုက်ခိုက်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဟန်ချက်ညီညီ တိုးတက်ရမယ့် တပ်မတော်နဲ့ ပညာရည်ပြည့်ဝတဲ့ အမျိုးသားရေး အင်အားနှစ်ရပ်မရှိဘဲ နိုင်ငံရဲ့ အချုပ်အခြာနဲ့လွတ်လပ်ရေးဟာ ဘယ်လိုမှတည်တံ့ခိုင်မြဲမှာမဟုတ်ကြောင်း မြဲမြံစွာ ခံယူထားရမှာဖြစ်ပါတယ် ❞**

အားလုံးသိတဲ့အတိုင်း ကမ္ဘာကြီးရဲ့ ကျန်းမာရေးအခြေအနေက အားမကောင်းလှပါဘူး။ အမျိုးသားအကျိုးစီးပွားအခြေခံတဲ့ လူမျိုးရေး၊ ဘာသာရေးစစ်ပွဲတွေ၊ တဖြည်းဖြည်း မျက်စောင်းထိုးလာနေတဲ့ တတိယကမ္ဘာစစ်ကြီး၊ ကျဆင်းနေတဲ့ ကမ္ဘာ့စီးပွားရေး၊ ကိုဗစ်ကပ်လို ပြန်ပေါ်လာနိုင်တဲ့ ရောဂါကပ်ကြီးတွေက ကမ္ဘာ့လူသားတွေကို ခြိမ်းခြောက်နေပါပြီ။ ဘယ်လို အခြေအနေဖြစ်ပါစေ၊ မိမိပြည်တွင်း မိမိအားကသာ အင်အားအစစ်အမှန်ဖြစ်ပါတယ်။ ဒါပေမယ့် မိမိအင်အားက ခိုင်မာတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်နေဖို့တော့လိုပါတယ်။ အင်အားတောင့်တင်းဖို့မှာ တင်ပြခဲ့သလို ပညာဉာဏ်ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကြီးဖို့က အဓိကဖြစ်ပါတယ်။ ထိုအင်အားတွေ ပြည့်ဝဖို့ကလည်း များများလေ့လာ၊ များများနာယူ၊ များများမေးခွန်းထုတ် အစဉ်လေ့ကျင့်နေကြဖို့သာဖြစ်ပါတယ်။

အထူးသဖြင့် ယနေ့လူငယ်တွေအတွက် ဖြစ်ပါတယ်။ အတိတ်က ခေါင်းဆောင်တွေ၊ လူကြီးတွေက ယနေ့ပစ္စုပ္ပန်ကာလမှာရှိနေတဲ့ ကျွန်တော်တို့လို မျိုးဆက်တွေအတွက် နိုင်ငံအချုပ်အခြာ တည်တံ့ခိုင်မြဲအောင် မျှော်မှန်းချက်ထား အားထည့်ကြိုးစားခဲ့ကြတယ်။ ဒါကြောင့် ငါတို့လည်း ယနေ့အချိန်၊ ယနေ့အခြေအနေမျိုးမှာ နောင်အနာဂတ်မျိုးဆက်သစ်တွေအတွက် တတ်နိုင်သမျှ အားထည့်ကြိုးပမ်း လုပ်ဆောင်ကြရမယ်၊ တာဝန်ကျေပွန်ကြရမယ်၊ တာဝန်ရှိတယ်လို့ခံယူထားရမယ်။ ကမ္ဘာကြီးအနီးအဝေးဘာတွေဖြစ်နေလဲ။ သတိဝီရိယထားပညာနဲ့ အမှန်မြင်ပါ၊ သူများအပြစ်၊ ကိုယ့်အပြစ် မြင်အောင်လည်းကြည့်ကြပါ၊ ဉာဏ်မီသမျှပြင်ဆင်ထားပါ၊ စိတ်ရောရုပ်ပါ အားမွေးပါ၊ ညီညွတ်အောင်လုပ် ညီညွတ်မှအားရှိမှာ၊ စည်းလုံးမှခိုင်မာမှာ.......။ ။

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ၂၀၂၄ ခုနှစ်အတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၉၂၉၀ ဖန်တီးပေးနိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်က ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်ဖြင့် အသုံးအဆောင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ်သန်း ၁၁၈၀ နှင့်အမေရိကန်ဒေါ်လာ သန်း ၂ ဒသမ ၂၂၀ ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၄၄၀ ဖန်တီးပေးနိုင်ခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် တစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၆၀ ခု ခွင့်ပြုပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၃၃ ဘီလီယံကျော်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၃ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၃ သန်းကျော် ခွင့်ပြုပေးပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၂၉၂၉၀ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မုံရွာပညာရေးဒီဂရီကောလိပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်(ပထမနှစ်ဝက်) မောင်မယ်သစ်လွင်ကြိုဆို

**မုံရွာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်(ပထမနှစ်ဝက်) မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါကျောင်းရှိ ပဉ္စဗလဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျောင်းသား ကျောင်းသူမောင်မယ်များအား ယခုလိုသင်တန်းများ ဖွင့်လှစ်ပြီး သင်ကြားပို့ချပေးရသည့် ရည်ရွယ်ချက်မှာ ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများအား ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် ဆရာလုပ်ငန်းတာဝန်များကို တန်ဖိုးထား၍ ဘာသာရပ်ကျွမ်းကျင်ပြီး ဆရာအတတ်ပညာ အရည်အသွေးမြင့်မားသည့် အခြေခံပညာ ဆရာ ဆရာမများ ဖြစ်လာစေရေး လေ့ကျင့်သင်တန်းပေးနိုင်ရန်အတွက် ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် အရည်အချင်း ပြည့်ဝသော လူငယ်များအား မွေးထုတ်ပေးနိုင်ရန်၊ ကျောင်းသားလူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအား မှန်ကန်အောင်တည့်မတ်ပေးနိုင်ရေး အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမကောင်းများဖြစ်အောင်ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာပညာရေးဒီဂရီကောလိပ် ပထမနှစ်(ပထမနှစ်ဝက်) ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၅၇၅၀၀၀၀၊ မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းအုပ်ကြီးထံ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည့် မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီး ဝင်းတင်စိုးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# မော်လမြိုင်မြို့၌ မွန်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပသည့် ပထမအကြိမ် စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်လှစ်

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် မွန်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပသည့် ပထမအကြိမ် စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ STRAND HOTEL ၌ ကျင်းပသည်။

အခမ်းအနားကို မော်လမြိုင်တက္ကသိုလ် ကျောင်းသူလေးများက မွန်တိုင်းရင်းသား ရိုးရာအကအလှများ၊ မွန်တိုင်းရင်းသားတေးသံရှင်များက မွန်တေးသီချင်းများဖြင့် စတင်ဖွင့်လှစ်ပြီးနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ မွန်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲများ ကျင်းပခြင်းဖြစ်ကြောင်း၊ ဒေသအသီးသီးတွင်ရှိနေသည့် မွန်လုပ်ငန်းရှင်များ စုစည်းမှုအင်အားဖြင့် ဒေသအတွင်း စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သလို ဒေသထွက်ကုန်များကို နိုင်ငံတကာသို့ ပို့ဆောင်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ဈေးကွက်ချိတ်ဆက်နိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မွန်တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ပြည်နယ်အတွက် အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်ရန်နှင့် ဒေသထွက်ကုန်စည်များကို ပြည်နယ်တွင်သာမက နိုင်ငံတကာသို့ပါ ထိုးဖောက်နိုင်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်စည်ပြခန်းများကို အားပေးပြီး အသင်း၊ များနှင့် လှည့်လည်ကြည့်ရှု မွန်လုပ်ငန်းရှင်များ စီးပွားရေးပညာရှင် လုပ်ငန်းရှင်များက စီးပွားရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ (နောက်ဆုံးပတ်)ကျင်းပ

**လှည်းကူး ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဒီဇင်ဘာအားကစားလ (နောက်ဆုံးပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။(ဓာတ်ပုံ)



အဆိုပါ ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လှည်းကူးပညာရေး ဒီဂရီကောလိပ်မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက စုရပ်အဖြစ် သတ်မှတ်ထားသော လှည်းကူးမြို့မဈေးခန်းမရှေ့မှစတင်ကာ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့် အကြော်များ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလောမြို့နယ်၌ ပူးပေါင်းအဖွဲ့မှ ဖူးပွင့်ဆဲဘိန်းခင်း ၁၂ ဧကခန့် ဖျက်ဆီး

**ကလော ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန်းနိုင်ကျေးရွာအုပ်စု ကျောက်ဆုတ်ကျေးရွာနှင့် မြေခြားကျေးရွာတို့တွင် ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် ကလောမြို့အမှတ်(၃) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီး မျိုးဇော်သိန်းတို့ ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့်မြို့နယ်ဌာနဆိုင်ရာများပါဝင်သည့် ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီမှစတင်၍ ဘိန်းခင်းများကို ရှာဖွေကာ လိုက်လံဖျက်ဆီးခဲ့ကြောင်း သိရသည်။



အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် ဆက်လက်ရှာဖွေရာ နန်းနိုင်ကျေးရွာအုပ်စု ကျောက်ဆုတ်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင် တစ်ဖာလုံခန့်အကွာတွင် ဖူးပွင့်ဆဲ အမြင့် ခြောက်လက်မခန့်ရှိ ဘိန်းစိုက်ခင်း ၂ ဒသမ ၅ ဧကနှင့် ထပ်တိုးတွေ့ရှိသည့် ဘိန်းစိုက်ခင်း ခြောက်ဧက စုစုပေါင်း ၈ ဒသမ ၅ ဧကကိုလည်းကောင်း၊ ဆက်လက်၍ ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် ဆက်လက်ရှာဖွေရာ နန်းနိုင်ကျေးရွာအုပ်စု မြေခြားကျေးရွာ၏ အနောက်ဘက် လေးဖာလုံခန့်အကွာတွင် အမြင့် ခြောက်လက်မခန့်ရှိ ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧက၊ ထပ်တိုးတွေ့ရှိသည့် ဘိန်းစိုက်ခင်း နှစ်ဧက စုစုပေါင်း ၃ ဒသမ ၅ ဧက စုစုပေါင်း ဘိန်းခင်းဧက ၁၂ ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “AungThan Dine” Facebook အကောင့်နှင့် “aungthandine7” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ အောင်သံဒိုင်(ခ) သံဒိုင်ကျော်အား ည ၈ နာရီ ၅ မိနစ်တွင် အင်းစိန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေး အဆန်ရထားပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၀၈၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ အကျော် စဥ့်ကိုင်ကတ္တားဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၅၆၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ Max ဆီဆိုင်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၉၆၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း ရွှေသိမ်တော်ဘုရားအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၁၄၆၀၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၄၀၀၄၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၆၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ်၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၆၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၁၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၉၀၈၃၆၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၇၁၈၃၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၂၅၈၂၈၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်များလျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း လေးနိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး (၂၀၂၄) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့က အလှည့်ကျအိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း လေးနိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Hotel အင်းယား အင်းလေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရေကြောင်း ရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် နေမိုးသက်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိများသည် နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး (၂၀၂၄) (Multilateral Meeting) ကို ဂျိုးဖြူခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မဲခေါင်မြစ်ကြောင်းတစ်လျှောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ မဲခေါင်မြစ်ဝှမ်းဒေသနေပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေး ကိစ္စရပ်များကိုဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် အင်းယား အင်းလေးခန်းမ၌ နှစ်နိုင်ငံအလုပ်သဘော အစည်းအဝေး (Bilateral Work Talks) များ မြန်မာ – တရုတ်၊ တရုတ်– လာအို၊ တရုတ် – ထိုင်း အစည်းအဝေးများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မက်မန်းမြို့နယ် ရောင်အူ (၀) စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မက်မန်း ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် ရောင်အူ(၀)အုပ်စု ရောင်အူ(၀) ကျေးရွာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သည့် ရောင်အူ(၀) စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးသောင်းစိန်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုနှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနာဆောပန်လတို့က ရောင်အူ (၀) စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာကြည့်တိုက်တွင်ထားရှိအသုံးပြုရန်အတွက် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများက လှူဒါန်းသည့် SKY NET စက်တစ်စုံကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်မှူးတို့ထံသို့ ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်အတွက် သုတ/ရသစာအုပ်များကို စာကြည့်တိုက်မှူး ဦးအိုက်ဦးထံ ပေးအပ်လှူဒါန်းခဲ့ကာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ စာကြည့်တိုက်အတွက် လိုအပ်သည်များ မှာကြားခဲ့ကြကြောင်း သိရသည်။ **တီတီ (မက်မန်း)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# မြစ်ကြီးနားမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ



**မြစ်ကြီးနား ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီက ပြည်သူ့အားကစားကွင်းရှေ့စုရပ်မှ မြို့တွင်းလမ်းများအတိုင်း မနောကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ပြီး မနောကွင်းအတွင်း လေ့ကျင့်ခန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက်ခဲ့ပြီး ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများက မြစ်ကြီးနားမြို့ ရောရပ်ကွက် ပြည်သူ့အားကစားကွင်း အထူးတန်းပွဲကြည့်စင်ရှေ့စုရပ်မှ ရုံးကြီးလမ်း၊ ထိုမှတစ်ဆင့် သခင်နက်ဖေလမ်းအတိုင်း လမ်းလျှောက်ခဲ့ကြပြီး စီတာပူရပ်ကွက် မနောကွင်းရင်ပြင်၌ ကိုယ်ကာယလေ့ကျင့်ခန်း အတွဲအမှတ် (၁) နှင့် (၂) လေ့ကျင့်ခန်း၊ Fitness Dance တို့ကို အတူတကွလေ့ကျင့်ခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ မနက်ဈေး၌ ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ အခြေခံစားသောက်ကုန်များနှင့် အသား/ ငါးများကို ပြင်ပပေါက်ဈေးထက် ပိုမိုချိုသာသော ဈေးနှုန်းဖြင့် သက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် သက်သာချောင်ချိရေး ဈေးရောင်းပွဲသို့သွားရောက်ပြီး ဈေးအတွင်း ကြက်၊ ဝက်၊ အမဲ၊ ကြက်ဥ၊ ဘဲဥနှင့် သမဝါယမအသင်းချုပ်မှ ပဲဆီ၊ နှမ်းဆီနှင့် မုန်ညင်းဆီများ ရောင်းချပေးနေမှု၊ ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းမှ ဆန်များ ရောင်းချပေးနေမှု၊ ကချင်ပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးဆီလက်လီရောင်းချပေးနေမှု အခြေအနေများနှင့် ဈေးနှုန်းလျှော့ချရောင်းပေးနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပြီး ဈေးဝယ်လာရောက်သည့် ပြည်သူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်)လူထုစုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



**မကွေး ဒီဇင်ဘာ ၂၈**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင် ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည့်နည်းတူ မကွေးတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက မကွေးမြို့ ကန်သာမင်္ဂလာကန်တော်ရှေ့၌ ကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စုပေါင်းလမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး ကန်သာမင်္ဂလာကန်တော်အတွင်း/ အပြင် လျှောက်လမ်းကို နှစ်ပတ်ပတ်၍ စုပေါင်းလမ်းလျှောက်ကြကာ အဆိုပါ ကန်သာမင်္ဂလာ ကန်တော်ရှေ့၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ် အတွဲ (၁) နှင့်(၂)တို့ကို စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။

**မောင်ညီညာ**

## တွံတေးမြို့နယ် ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်



**တွံတေး ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခတ္တိယရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများက ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်ရန် အကောင်ထည်ဖော် ဆောင်ရွက်ကြရန်နှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၆– ၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၁၅၀ ကို အဋ္ဌမအကြိမ်မြောက် ရန်ပုံငွေ ကျပ်သိန်း ၄၅၀ အထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မန္တလေးမြို့တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ လူဦးရေ ၂၅၀၀ ကျော် တပျော်တပါး အတူဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၂၈**

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန် တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အားကစားကို လူအများစိတ်ပါဝင်စားပြီး လေ့လာလိုက်စားခြင်းဖြင့် လူတိုင်းကျန်းမာသန်စွမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိရာ ပြည်သူလူထုက တပျော်တပါး ပျော်ရွှင်စွာဆင်နွှဲလျက်ရှိသည်။

မန္တလေးမြို့တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက နန်းမြို့နှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲနှင့်အတူ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း၊ Myanmar Fitness Dance များဖြင့် လှုပ်ရှားဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တပျော်တပါး အတူဆင်နွှဲခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်းကိုဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထုစုစုပေါင်း ၂၅၀၀ ကျော်က ကျုံးအရှေ့တောင်ဘက်ထောင့်အထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်းအတွဲ(၁/၂)၊ Myanmar Fitness Dance များဖြင့် တပျော်တပါးလှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# MFF ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ စတင်ကျင်းပပြီး အသင်းအများစု အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ ပွဲစဉ် (၁) ကို ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပရာ အသင်းအများစု အနိုင်ရခဲ့သည်။



ပွဲစဉ် (၁) တွင် TG United အသင်းက Black Cross အသင်းကို ငါးဂိုး - နှစ်ဂိုး၊ 7 Brother အသင်းက Maryar အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ KKY အသင်းက 7 Dragon အသင်းကို လေးဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၀ ဂိုး - နှစ်ဂိုး၊ JZ Yangon အသင်းက လက်ဝဲသုန္ဒရအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး Gold Dream အသင်းနှင့် YCDC Marga Youth အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

လိဂ်-၂ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အပတ်စဉ် စနေနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် ပြုလုပ် သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ– MFF**

# သာကေတမြို့နယ်တွင် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ်အားကစားပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ အားကစားပြိုင်ပွဲများကို ယနေ့နံနက်က မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်း၊ မြို့နယ်အား/ကာဦးစီးမှူး ဒေါ်ခင်ကောင်းစံနှင့်အဖွဲ့များက တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများရရှိသည့် ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးကြသည်။ ယင်းပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**



# မော်ဘီမြို့နယ်၌ ဒီဇင်ဘာ(စတုတ္ထပတ်) အားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

**မော်ဘီ ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ဒီဇင်ဘာ (စတုတ္ထပတ်) အားကစားလလူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။




လမ်းလျှောက်ပွဲတွင် မော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၄၅၀ ကျော်ခန့်က စုရပ်အဖြစ် သတ်မှတ်ထားသော မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်ကာ မော်ဘီမြို့မဈေးရှေ့သို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ပြီး မော်ဘီမြို့နယ် အားကစားကွင်းအတွင်း၌ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့လွင်က Physical Fitness Dance Exercises များကို စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့် အကြော်များကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ (မော်ဘီ)**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❂ *ကျောဖုံးမှ*

ပွဲစဉ် (၁) ပထမနေ့ နံနက်ပိုင်း ပွဲစဉ်များတွင် ရှိုင်ရယ်ရန်ကုန်အသင်းက The Honour အသင်းကို ခုနစ်ဂိုးပြတ်၊ Yangon Focus အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ညနေပိုင်းပွဲစဉ်များတွင် ရွှေပြည်သာအသင်းက South-ern Yangon Star အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Burmese Youth အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၁) ဒုတိယနေ့ကို ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး MarRein အသင်းနှင့် အာသာဝတီအသင်း၊ Golden Light အသင်းနှင့် မြသီတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

MFF ယူ - ၁၅ လူငယ်လိဂ်ပြိုင်ပွဲ (ရန်ကုန်ဇုန်) တွင် အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ရှိုင်ရယ်ရန်ကုန်အသင်း၊ မင်္ဂလာဒုံစီးတီးအသင်း၊ ရွှေပြည်သာအသင်း၊ Burmese Youth အသင်း၊ Mar Rein အသင်း၊ Golden Light အသင်း၊ The Honour အသင်း၊ Yangon Focus အသင်း၊Southern Yangon Star အသင်း၊ရန်ကုန်တောင်ဇလပ်အသင်း၊ အာသာဝတီအသင်းနှင့် မြသီတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မန္တလေးနှင့် တောင်ကြီးမြို့တွင်လည်း ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❒ *ကျောဖုံးမှ*

ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ပွဲတွင် ရှုံးပွဲငါးပွဲရှိလာပြီ ဖြစ်သည်။ ထို့အပြင် အစ်ဆွစ်အသင်းသည် လာမည့်ပွဲစဉ်တွင် တိုက်စစ်ပိုင်း ထက်မြက်ပြီး ခံစစ်ပိုင်းကျစ်လျစ်မှုရှိသည့်အတွက် ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နိုင်ပွဲဆက်နေသည့် အာဆင်နယ်အသင်းက ယခုပွဲစဉ်တွင် အစ်ဆွစ်အသင်းကို ဂိုးပေါက်ခြိမ်းခြောက်မှု အသာနှင့်အတူ ပွဲချိန်အများစု တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ပြိုင်ဘက်၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။

အာဆင်နယ် အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ၁၈ ပွဲကစားပြီး ရမှတ် ၃၆ မှတ်ဖြင့် ဦးဆောင်သူ လီဗာပူးအသင်းကို အနီးကပ်ဖိအားပေးနိုင်ခဲ့သည်။ ပြိုင်ဘက်အစ်ဆွစ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရှုံးပွဲ ၁၀ ပွဲရှိလာပြီး ရမှတ် ၁၂ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။

ပရီမီယာလိဂ်ပွဲစဉ် (၁၈) မှ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော ဘရိုက်တန်နှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်တွင် အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ **အောင်ဇော်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ပေါ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဒီဇင်ဘာ ၂၈**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အထက(ခွဲ)နမ့်ကွတ်ကျောင်း၊ ဘီလူးချောင်းနှင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုနှင့် မြို့အဝင်မုခ်ဦးနှင့် မြို့အဝင်အထွက်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘီလူးချောင်းရေမြင့်တက်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အထက(ခွဲ)နမ့်ကွတ်ကျောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဝင်ရောက်မှုကြောင့် ကျောင်းဝင်းအတွင်း ကျန်ရှိခဲ့သည့် အမှိုက်များ၊ သဲနုန်းများဖယ်ရှားခြင်း၊ စာသင်ဆောင်များနှင့် စာသင်ခုံများအား ဆေးကြောသန့်စင်ခြင်း ဆောင်ရွက်နေမှုနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအတွင်း ရေ၊ မီး စနစ်တကျအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ကျောင်းပြန်လည်တက်ရောက်နိုင်ရေး မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဘီလူးချောင်းနှင့် ကမ်းနားလမ်းတစ်လျှောက် တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ကမ်းနားလမ်းတစ်လျှောက် အများပြည်သူအပန်းဖြေအနားယူနိုင်ရေးအတွက် စိမ်းလန်းစိုပြည်ရေးနှင့် အမြဲသန့်ရှင်းသာယာရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ဆက်လက်၍ စည်ပင်သာယာအဖွဲ့ပိုင် ဥတ္တရာရုံနှင့် ဒေါဠုခူရေစက်ရုံများမှ မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေပေးဝေခြင်းလုပ်ငန်း ပြတ်တောက်မှုမရှိစေရေး၊ စဉ်ဆက်မပြတ် ရေပေးဝေနိုင်ရေးနှင့် ကောက်ခံရမည့် ရေခွန်များကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း အပြည့်အဝကောက်ခံရရှိရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယင်းနောက် လွိုင်ကော်မြို့အဝင် မုခ်ဦးတွင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် လွိုင်ကော်မြို့အဝင်တွင် ပြည်သူများ ဝင်ထွက်သွားလာနေမှုနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ ဝင်ထွက်သွားလာမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် လွယ်ကူစွာဝင်ထွက်သွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ဥပဒေနှင့် မလွတ်ကင်းသည့် ကုန်စည်များ ဝင်ထွက်သယ်ဆောင်မှု မရှိစေရေး စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၂၈**

ဧရာဝတီဒေသကြီး ညောင်တုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက်ကကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ယဉ်ဆွေဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအေးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက "မြန်မာပြည်မှာ စာပဒေသာဝေဆာစေ" သီချင်း၊ "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" သီချင်း၊ "ထိန်းသိမ်းစို့လေ စာပေအမွေ" သီချင်း၊ "ယဉ်ကျေးမှုစာပေအမွေ" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပွဲတော်တွင် ကပြဖျော်ဖြေသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဧည့်သည်တော်များက စာပေပြိုင်ပွဲများ၊ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ညောင်တုန်းမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ လှပသာယာပြည်မြန်မာဓာတ်ပုံပြခန်း၊ စာအုပ်စာစောင်ပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ပညာရေးပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်အကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်တွင် ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူ၍ (UID) နံပါတ်ထုတ်ပေးခြင်းကို မြောက်ဘက်ကွင်း ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် ပြည်သူများ၏ Biographic နှင့် Bio-metric Data ကောက်ယူခြင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မော်လမြိုင်မြို့နယ်ဦးစီးမှူးရုံး၏ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ရပ်ကွက်နေ ပြည်သူများအား ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများ အဆင်ပြေချောမွေ့စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ် ၅၇၂ ဦးနှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူသူ ၂၅၀ တို့အား (UID)နံပါတ်ရရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ပြည်သူများ၏ နိုင်ငံသား စိစစ်ရေးကတ်နှင့် e-ID စနစ်အဆင်ပြေစေရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ် ဦးစီးမှူးညွှန်ကြားရေးမှူး ဦးမြတ်သွင်၊ ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်၌ စာကြည့်တိုက်ဆောက်လုပ်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက်၌ စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်မှု အခြေအနေများကို စာကြည့်တိုက် ဆောက်လုပ်မှုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌက ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် စာကြည့်တိုက်ဆောက်လုပ်မှု ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်ကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်အချိန်ကာလအတွင်းပြီးစီးရေး၊ အရည်အသွေးပြည့်မီစေရေးတို့ကို မှာကြားခဲ့သည်။



အဆိုပါ စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် နိုဝင်ဘာ ၂၄ ရက် မှ စတင်ဆောက်လုပ်ခဲ့ရာ ၈၀ ရာခိုင်နှုန်းအထိ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။

ဒီဇင်ဘာ ၂၉ ရက် ညပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၁၉) ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ရေးအတွက် ခြေကုန်ထုတ်လာမယ့် အသင်းတွေ ပါဝင်နေသလို တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်လာမယ့် အသင်းတွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| ပရီမီယာလိဂ်ပွဲစဉ် (၁၉) | |
|---|---|
| ၂၉-၁၂-၂၀၂၄ | တနင်္ဂနွေနေ့ |
| ည ၉း၀၀ | |
| လက်စတာ - မန်စီးတီး | |
| ည ၉း၃၀ | |
| ပဲလေ့စ် - ဆောက်သမ်တန် | |
| အဲဗာတန် - နော်တင်ဟမ် | |
| ဖူလ်ဟမ် - ဘုန်းမောက် | |
| စပါး - ဝုဗ် | |
| ည ၁၁း၄၅ | |
| ဝက်စ်ဟမ်း - လီဗာပူး | |

ပရီမီယာလိဂ်ဂိုးအများဆုံး သွင်းထားသူများ



| အမည် | ဂိုး |
|---|---|
| ဆာလာ (လီဗာပူး) | ၁၆ |
| ဟာလန်း (မန်စီးတီး) | ၁၃ |
| ပဲလ်မာ (ချယ်ဆီး) | ၁၂ |
| အီဆတ် (ကာဆယ်) | ၁၁ |
| ကွန်ဟာ (ဝုဗ်) | ၁၀ |

# ထက်မြက်နေတဲ့ လီဗာပူးအသင်းတိုက်စစ်ကို အိမ်ကွင်းမှာ ဝက်စ်ဟမ်းအသင်း ဟန့်တားသွားနိုင်မလား....

■ မိုးဇက် - စုစည်းသည်



■ ယမန်နှစ်က တွေ့ဆုံခဲ့သည့် ဝက်စ်ဟမ်းနှင့် လီဗာပူးအသင်းပွဲစဉ်တွင် လီဗာပူးအသင်းကစားသမား တစ်ဦး ဝက်စ်ဟမ်းအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## လက်စတာ VS မန်စီးတီး

လက်စတာအသင်းက ရလဒ်ဆိုးရွားနေတဲ့အပြင် တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် မဖြစ်မနေနိုင်ပွဲရဖို့ လိုအပ်နေတယ်။ မန်စီးတီးအသင်းကလည်း စံချိန်တင်ရလဒ်ဆိုးရွားမှု ကြုံတွေ့နေတဲ့အတွက် မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ရလဒ်ဆိုးရွားနေတဲ့ အသင်းချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာသေချာတယ်။ နောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ မန်စီးတီးအသင်းက သုံးကြိမ်စလုံး အနိုင်ရထားတယ်။ မန်စီးတီးအသင်း နိုင်ဖွယ်ရာ ရှိပေမယ့် အဆုံးသတ်အားနည်းခဲ့ရင် ရှုံးပွဲကြုံတွေ့နိုင်တယ်။

## ပဲလေ့စ် VS ဆောက်သမ်တန်

ပဲလေ့စ်အသင်းက တန်းဆင်းဇုန်အထက်မှာ ရပ်တည်နေတယ်ဆိုပေမယ့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းတယ်။ ဆောက်သမ်တန်က အမှတ်ပေးဇယားအောက်ဆုံးရပ်တည်နေတဲ့အပြင် ပွဲစဉ် (၁၈) ပြီးတဲ့အထိ ရမှတ် ခြောက်မှတ်သာ စုဆောင်းရရှိထားသေးသည့်အတွက် ရမှတ်အပြည့်ရဖို့လိုအပ်နေတယ်။ ဒါပေမယ့်ဆောက်သမ်တန်အသင်းက တိုက်စစ်၊ ခံစစ်ပိုင်း ဆိုးရွားတဲ့အသင်းထဲ ပါဝင်နေတယ်။ အဆုံးသတ်ပိုင်းအားနည်းတဲ့ ဆောက်သမ်တန်အသင်းကို အိမ်ကွင်းမှာ ပဲလေ့စ်အသင်း အသာရဖွယ်ရှိတယ်။

## အဲဗာတန် VS နော်တင်ဟမ်

မန်ယူ၊ ဗီလာ၊ စပါးစတဲ့အသင်းကြီးတွေကို နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်တဲ့ နော်တင်ဟမ်က ဒီရာသီမှာ ခြေစွမ်းထက်မြက်နေတယ်။ အသင်းလိုက်ကစားပုံကောင်းတယ်။ ပွဲအပေါ်ချဉ်းကပ်ပုံမှန်ကန်ပြီး ဟန်ချက်ညီညီ ကစားနိုင်တယ်။ အဲဗာတန်က ခြေစွမ်းသာမန်ရှိပြီး တိုက်စစ်-ကွင်းလယ်-ခံစစ် ချိတ်ဆက်ကစားမှုပိုင်း အားနည်းတယ်။ ဒါပေမယ့် အာဆင်နယ်၊ ချယ်ဆီးနဲ့ မန်စီးတီးတို့လို အသင်းကြီးတွေကို သရေကစားထားနိုင်တယ်။ နော်တင်ဟမ်အသင်း ခြေစွမ်းထက်မြက်ပေမယ့် ပုံမှန်ခြေစွမ်းကျဆင်းခဲ့ရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။

## ဖူလ်ဟမ် VS ဘုန်းမောက်

နှစ်သင်းကြား ရမှတ်ကွာဟမှု တစ်မှတ်သာရှိပြီး ကစားဟန်မာကျောတဲ့အသင်းချင်းချင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဖူလ်ဟမ်အသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ဘယ်တောင်ပံကစားသမား အဲလက်စ် အီယိုဘီရှိပြီး လိဂ် ၁၈ ပွဲမှာ ငါးဂိုးသွင်းပြီး သုံးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားတယ်။ ဘုန်းမောက်အသင်းမှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် ကွင်းလယ်တိုက်စစ်ကစားသမား ဂျက်စတင် ကလွိုက်ဗက်ရှိပြီး လိဂ် ၁၈ ပွဲမှာ ခြောက်ဂိုးသွင်းထားတယ်။

## စပါး VS ဝုဗ်

စပါးအသင်းက ရာသီအစပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းပြသထားနိုင်ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းပြသထားနိုင်ခြင်း မရှိဘူး။ တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု တစ်မှတ်သာရှိတဲ့ ဝုဗ်က ခြေစွမ်းပိုင်းဆိုးရွားပြီး ခံစစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ နှစ်ပွဲမှာ စပါးက နှစ်ပွဲစလုံး ရှုံးနိမ့်ထားပြီး ဝုဗ်က နှစ်ပွဲစလုံး နိုင်ပွဲရရှိထားတယ်။ မည်သို့ပင်ဆိုစေ ခံစစ်ဆိုးရွားတဲ့ ဝုဗ်အသင်း နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ကြိုးပမ်းလာမယ့် စပါးအသင်းကို ကျော်ဖြတ်ဖို့ မလွယ်ဘူး။

| စပါးနှင့် ဝုဗ်အသင်းတို့ရဲ့ နောက်ဆုံး နှစ်ပွဲရလဒ် | | | |
|---|---|---|---|
| စပါး | ၁ - ၂ | ဝုဗ် | ပရီမီယာလိဂ် |
| ဝုဗ် | ၂ - ၁ | စပါး | ပရီမီယာလိဂ် |

## ဝက်စ်ဟမ်း VS လီဗာပူး

ဝက်စ်ဟမ်းအသင်းရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာ မရှိပေမယ့် အမှတ်ပေးဇယားကို ပြတ်သားတဲ့ ရလဒ်နဲ့ ဆက်လက်ဦးဆောင်ဖို့ ခြေကုန်ထုတ်လာမယ့် လီဗာပူးအသင်းကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိတယ်။ သို့သော်လည်း ဆာလာ၊ ဒီယက်ဇ်၊ ဂတ်ပိုတို့လို ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်နိုင်စွမ်းရှိတဲ့ လီဗာပူးအသင်းရဲ့ တိုက်စစ်ကို ပွဲချိန်ပြည့် ဟန့်တားဖို့ ခက်မယ်။ ဝက်စ်ဟမ်းမှာ ဂိုးသွင်းသေချာတဲ့ ဘိုဝင်၊ ဆော့ချက်ဇ်တို့ ခြေစွမ်းပြသနိုင်သည့်တိုင် လီဗာပူးကို အနိုင်ရဖို့ မလွယ်ဘူး။

| ဝက်စ်ဟမ်းနှင့် လီဗာပူးအသင်းတို့ရဲ့ နောက်ဆုံး နှစ်ပွဲရလဒ် | | | |
|---|---|---|---|
| လီဗာပူး | ၅ - ၁ | ဝက်စ်ဟမ်း | အီးအက်ဖ်အယ် |
| ဝက်စ်ဟမ်း | ၂ - ၂ | လီဗာပူး | ပရီမီယာလိဂ် |



## ခွဲစိတ်မှုခံယူပြီးနောက် နှစ်လကျော်ကြာ အနားယူရဖွယ်ရှိနေသည့် တောင်ပံကစားသမား ဆာကာ

ဘူကာယိုဆာကာသည် တံကောက်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူပြီးနောက် နှစ်လကျော်ကြာအထိ အနားယူရဖွယ်ရှိကြောင်း အာဆင်နယ်နည်းပြ မိုက်ကယ် အာတီတာက ပြောကြားလိုက်သည်။

အသက် ၂၃ နှစ်အရွယ် တောင်ပံကစားသမား ဆာကာသည် ဒီဇင်ဘာ ၂၁ ရက်တွင် အာဆင်နယ်က ခရစ္စတယ်ပဲလေ့စ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသော ပွဲတွင် ပထမပိုင်းပွဲချိန်အတွင်း ဒဏ်ရာကြောင့် ထရိုဆတ်ဖြင့် လူစားလဲခဲ့ရသည်။

ဆာကာသည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် အဓိက ကစားသမားအဖြစ်ရှိနေပြီး ပြိုင်ပွဲစုံ ၂၄ ပွဲတွင် ကိုးဂိုးသွင်းကာ ၁၃ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

ဒဏ်ရာကြောင့် ဆာကာ မပါဝင်နိုင်သည့် ပထမဆုံးပွဲစဉ်တွင် အာဆင်နယ်အသင်းသည် အစ်ဆွစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၁၈) အပြီးတွင် ၁၀ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် အဆင့် (၂) တွင် ရပ်တည်ကာ ဇယားထိပ်ရှိ လီဗာပူးကို အနီးကပ် ဖိအားပေးလျက်ရှိသည်။



## ဒဏ်ရာကြောင့် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း ဟာလက် နုတ်ထွက်

ရိုမေးနီးယားတင်းနစ်မယ် ဟာလက်သည် ဒဏ်ရာကြောင့် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှ နုတ်ထွက်လိုက်ကြောင်းနှင့် ၂၀၂၅ ရာသီအစပိုင်း ပွဲစဉ်များကို လွဲချော်သွားဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း ဟာလက်သည် ပြီးခဲ့သည့် သီတင်းပတ်တွင် ပြိုင်ပွဲစီစဉ်သူများထံမှ wildcard (အရည်အချင်းစစ်မခံရဘဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်) ကို လက်ခံရရှိခဲ့သည်။

ဟာလက်သည် တားမြစ်ဆေးသုံးစွဲမှုကြောင့် လေးနှစ်ပိတ်ပင်ခံထားရသော်လည်း ယခုနှစ်တွင် အဆိုပါ ပြစ်ဒဏ်အား ကိုးလသို့ လျှော့ပေါ့ပေးခဲ့သည်။ ဟာလက်သည် ၂၀၂၂ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင် ပွဲတွင် စတုတ္ထအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဟာလက်သည် လာမည့်လတွင် ကျင်းပပြုလုပ်မည့် အော့ကလန် ကလက်ဆစ်ပြိုင်ပွဲကိုလည်း လွဲချော်မည် ဖြစ်သည်။



# ကျောင်းကုန်းမြို့၌ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

ကျောင်းကုန်း ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲ (စတုတ္ထပတ်)ကို ယနေ့နံနက် ၅ နာရီခွဲခန့်က မြို့နယ်ထွေ/အုပ်ရုံးရှေ့မှ စတင်လမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လူထုလမ်းလျှောက်ပွဲ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ ကမ်းနားလမ်း၊ ဆေးရုံလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ မီတာ ၄၀၀ မြို့မအားကစားကွင်းသို့ တပျော်တပါးစုပေါင်းလမ်းလျှောက်ကာ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ (၂)များ ပြုလုပ်ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဒေါပုံမြို့နယ်ရှိ ဓာတ်အားခွဲရုံအား ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး သည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၇ ရက်က ဒေါပုံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ၃၃/၁၁-၆.၆ ကေဗွီ မြို့နယ်ရုံး ဓာတ်အားခွဲရုံတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများနှင့် ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အောက်ပုံ)**



ထို့နောက် မြို့သစ်ရပ်ကွက် ဇေယျာသီရိလမ်းနှင့် ဓမ္မရိပ်သာလမ်းတို့တွင် ကန်ထရိုက်တိုက်များ၊ ကွန်ဒိုတိုက်ခန်းများတွင် မီတာတပ်ဆင်ထားရှိမှု အခြေအနေများနှင့် ဓာတ်အားဖြန့်ဖြူးရေး ပိုမိုကောင်းမွန်စေရေး အတွက် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းသုံးပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## တနင်္သာရီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် လီမိတက် ထားဝယ်မြို့

## အိတ်ပိတ်လေလံကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ် သမဝါယမအသင်းစု လီမိတက်ပိုင် အောက်ဖော်ပြပါမြေကွက်အားအိတ်ပိတ်လေလံတင်ထုခွဲရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်ရှိ အမှတ်(၉၉)၊ ကွင်းအမှတ် (၆၁၆-က)၊ ဦးပိုင်အမှတ် ၉၁(က)အနက်မှ (၃၀ပေx၉၀ပေ) မြေကွက်(အဆောက်အအုံမပါ)

**လေလံပိတ်မည့်ရက်** - ၇-၁-၂၀၂၅ ရက်(အင်္ဂါနေ့)

**လေလံဖွင့်မည့်ရက်** - ၈-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)

**လေလံထုခွဲရောင်းချမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ရုံးခန်း၊
- ထားဝယ်မြို့။
အမှတ်(၉၄)၊ ညောင်ပင်ကြီးလမ်း၊ ဒေါင်းငူရပ်ကွက်။

**စုံစမ်းရန်။**

၁။ တိုင်းသမဝါယမအသင်းစုချုပ်ရုံးခန်း ထားဝယ်မြို့၊ ဖုန်း -၀၅၉- ၂၀၂၁၁၃၉ ဖုန်း- ၀၉-၄၂၇၀၂၀၀၅၅

၂။ ဦးထွန်းမင်း အုပ်ချုပ်မှုဒါရိုက်တာ ဖုန်း - ၀၉-၄၂၈၅၆၃၃၃၅

၃။ ဦးနန္ဒ ဦးစီးအရာရှိ ဖုန်း - ၀၉- ၂၅၀၁၂၉၇၂၄

လေလံကြီးကြပ်ရေးကော်မတီ
တနင်္သာရီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်
ထားဝယ်မြို့၊

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ကာဘိုလမ်း၊မြေကွက်အမှတ်(၃၁၈)၊အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိဦးထွန်းရွှင်(AA-017262)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှမြေကွက်အမှတ်(၃၁၆)နှင့် ကပ်လျက်ရှိသောအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးမိုးမိုး (၁၁/မပန(နိုင်)၀၇၂၀၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် **LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
**Ph,09421746974**

## ကန့်ကွက်နိုင်ပါသည်၊

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁ သမိုင်း၊ မြေကွက်အမှတ်-၁/က-၃/A-၁ + ၂/ည-၃၈-A ၊ ဧရိယာ- ၀. ၀၅၃ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်ခင်စပယ် (၁၂/မရက (နိုင်) ၀၁၉၃၈၄) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၊ အမှတ်- ၁၄၅/ဒီ ဟုခေါ်တွင်သည့် (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ နှစ်ဦးသဘောတူ မြေနှင့်အိမ် အရောင်းအဝယ်ငွေပေးအရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မေမေကို (၁၂/ဒဂန (နိုင်) ၀၁၉၉၂၁) က အပြီးအပိုင်ဝယ်ယူခဲ့ပြီးနောက် ဒေါ်ခင်နီနီကို (၁၂/ဗဟန (နိုင်) ၀၃၁၇၅၀) ၏အမည်ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်- ၁၁၄၂၁/၂၀၂၁ (၂၂-၁၂-၂၀၂၁) ကို ရယူထား၍ တရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်ခင်မေမေကို နှင့် ဒေါ်ခင်နီနီကို တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်၊ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ တိုက်အမှတ် (B-1)နေ အမိ ဒေါ်ခင်သန်းဝင်း ၁၀/ဘလန (နိုင်)၀၁၁၉၇၂ ၏သား မောင်သန်းဦးသည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းဝင်း ၁၀/ဘလန(နိုင်)၀၁၁၉၇၂

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၂-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၀) ပါ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 68R/36000 အစား ယာဉ်အမှတ် 68W/36000 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၂-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၀) ပါ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 66W/95234 အစား ယာဉ်အမှတ် 66W/95734 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၂၇၁၈၀, Honda Wave NS 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်တာ ၆/ကစန(နိုင်) ၀၀၇၉၉၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၉၃၇၂, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၆/မအရ(နိုင်) ၀၁၄၂၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၉၅၆၂၆, Min Bo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေးဦး ၉/စတတ(နိုင်)၀၆၅၄၇၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/11927, Honda Scoppy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက်သန်း ၁၄/မမက(နိုင်)၁၄၂၁၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၈၇၇၅၉, Honda Wave 100 NCX, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်း ၆/မအရ(နိုင်)၀၀၁၈၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/49067, Kenbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လေးနွယ် ၉/ပသက(နိုင်)၂၀၃၇၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/85245, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထက်ကျော် (၈/ပဖန(နိုင်)၁၀၅၄၁၅) က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/55694, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/မမက(နိုင်)၁၃၃၆၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/91867, Rato-110 ယာဉ်လက်ဝယ်ရှိသူ Aung Naing Hein San Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/92034, Haojue-110 ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်- 21DMS/ 2024-2025 (L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၂-၁-၂၀၂၅) ရက် (ကြာသပတေးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - (၁၅-၁၂-၂၀၂၅) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အင်းမမြို့၊ ကဝိစည်သူကိုယ်ပိုင် အထက်တန်းဆင့် သင်ကျောင်း Grade-11 မှ မချစ်နှင်းဇော် ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၇/ပတတ(နိုင်) ၀၉၃၃၂၆ ဖြစ်ပါကြောင်း။

## ပတ်(စ်)ပို့ပျောက်ဆုံး

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၆)နေ မောင်သက်နိုင်(ဘ) ဦးလောက်ဆုံး LSO-213159 ၁၃/လရန(နိုင်)၂၂၁၃၅၆၏ ပတ်(စ်)ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၅၁၈၆၅၂၀၆**

## ပတ်(စ်)ပို့ပျောက်ဆုံး

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ ဒေါ်သဇင်အိ(ဘ)ဦးရှောက်လွန် ၁၃/ကခန(နိုင်)၀၁၈၆၇၅ ၏ ပတ်(စ်)ပို့နံပါတ် (MB 109317)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၂၉၆၄၈၈**

## ပတ်(စ်)ပို့ပျောက်ဆုံး

တာမိုးညဲမြို့ ရပ်ကွက်(၅)နေ မောင်ရှိစိုင်ရှိမ်း(ဘ) ဦးရှိရင်ဖုန်း ၁၃/ကခန(နိုင်)၁၁၇၇၃၃၏ ပတ်(စ်)ပို့နံပါတ်(MD550593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၄၀၈၂၉၆၄၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၇၉

ဒေါ်နိုင်နိုင်ဝင်း နှင့် ဦးတင်မောင်မြင့်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေပြည်အေးလမ်းသွယ်၊ အမှတ်-၁၃၂ နေ ဦးတင်မောင်မြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နိုင်နိုင်ဝင်းက "ကတိပဋိညာဉ်ပါအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်ဝါရီလ ၇ရက်(၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လွှမ်းပို့ပို့စိုး)
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဆောင်းဟေမန်အိမ်ရာ၊ တိုက်အမှတ်(၅)၊ တိုက်ခန်းအမှတ်(၂၃)၊ အထက်ဖော်ပြပါ(အိုးအိမ်တိုက်ခန်းကို ဒေါ်မြင့်မြင့်ဝင်း ၁၂/လမန(နိုင်)၀၄၀၂၇၀မှ အမည်ပေါက် ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ(၂၄-၁၂-၂၀၂၄)ရက်တွင် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုခဲ့သည်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အခွင့်အရေးရှိသူမှ မူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည် ။

**လွှဲအပ်ညွှန်ကြားချက်အရ ဦးရဲမြတ်နောင် (LL.B) (စဉ် -၃၆၄၁၈)**
**အမှတ်၁၈၅၊ လမ်း ၅၀(အထက်)၊ ၇-လွှာ၀ဲ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၁၆၂၀၁၇၃၊ ၀၉-၉၇၄၄၂၇၉၇၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အောင်သုခရပ်ကွက်၊ အမှတ်၂၂၊ ၄လမ်းတွင်နေထိုင်သည့် ကျွန်တော် ဦးအောင်စိုးထက် ၁၀/ရမန(နိုင်)၁၅၈၁၂၀ သည် Asia Bird's Nest အမည်ဖြင့် ငှက်သိုက်လုပ်ငန်းဆောင်ရွက်လိုပါသဖြင့် အမည်တူရှိပါက ကန့်ကွက်လိုပါက သတင်းစာပါသည့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်စိုးထက် ၁၀/ရမန(နိုင်)၁၅၈၁၂၀**
**အမှတ်၂၂/၄လမ်း၊ အောင်သုခရပ်ကွက်၊ ရေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၂၃-၁-၂၀၂၅ )မှ ( ၂၂ - ၂ - ၂၀၂၅ )ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်းအတွက် ပြည်တွင်းနေ နိုင်ငံသားလုပ်ငန်းရှင်များသည် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **လျှောက်လွှာရောင်းချမည့်နေရာ** - စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ဘဏ္ဍာဌာန။

(ခ) **လျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - (၁၀-၁-၂၀၂၅ မှ ၁၅-၁-၂၀၂၅)ရက်အထိ (စနေ၊တနင်္ဂနွေအပါအဝင်)ရုံးချိန်အတွင်း၊

(ဂ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - (၁၅-၁- ၂၀၂၅) ရက် ညနေ(၄:၀၀)နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - (၁၆-၁-၂၀၂၅)ရက်၊နံနက်(၁၀:၀၀)နာရီ

(င) **တင်ဒါရွေးချယ်မည့်နေရာ** - အစည်းအဝေးခန်းမ(၂)၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက ဖုန်း(၀၉-၂၀၆၁၆၂၇၊ ၀၉-၄၄၀၃၆၄၄၅၊ ၀၉-၄၃၀ ၁၁၄၄၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး လုပ်ငန်းဆပ်ကော်မတီ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အ-ထ-က(မိကျောင်းရဲ) Grade-11မှ မောင်သောင်းထိုက်မိုးနှင့် Grade-9မှ မအေးသန္တာ တို့၏ဖခင် ဦးကျော်တင်၏ အမည်မှန်မှာ ဦးတင့်လွင် ၈/မကန(နိုင်)၀၅၇၃၄၀ဖြစ်ပါကြောင်း။

**ဦးတင့်လွင်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ မိုင်းလုံးကျေးရွာ၊ ရွာမြေကွက် အကျယ်အဝန်း အရှေ့(၆၀)ပေ၊ အနောက်(၆၀)ပေ၊ တောင်(၈၀)ပေ၊ မြောက်(၈၀)ပေ၊ (လက်ရှိမြေ ပေါ်ရှိအတိုင်း အတာ)မြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ အကွက်အမှတ်(၊)အား မူလပိုင်ရှင် ဦးအောင်မျိုးသိန်းထံမှ ရွာမြေလွှဲပြောင်းစာချုပ်အရ ဦးဝဏ္ဏမြတ်ကျော်မှဝယ်ယူပိုင်ဆိုင်ပြီး ဦးဝဏ္ဏမြတ်ကျော်ထံမှ ဒေါ်ချိုချိုဝင်းက အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်ချိုချိုဝင်း ၁၁/သတန(နိုင်)၀၁၄၇၈၆ထံမှ ဦးကျော်မျိုးထွန်း ၁၂/သကတ(နိုင်)၁၄၇၄၈၉က (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကျော်မျိုးထွန်း**
**၁၂/သကတ(နိုင်)၁၄၇၄၈၉**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးဇော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် ၅၉၀/၁၄၊ ဦးပိုင်အမှတ် ၁၅-က (ခဲစင်း)၊ ရန်ကုန်-မန္တလေးလမ်းနှင့် ရတနာပုံလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီ(၎င်း၏ကိုယ်စား) အစည်းအဝေးမှတ်တမ်းအရ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ ၁၃/တယန(နိုင်)၀၀၀၃၀၅က အမှုတွဲအမှတ် (၅၅၂၂/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် ၅၉၀/၁၄၊ ဦးပိုင်အမှတ် ၁၅-က (ခဲစင်း)၊ ရန်ကုန်-မန္တလေးလမ်းနှင့် ရတနာပုံလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီ(၎င်း၏ကိုယ်စား) အစည်းအဝေးမှတ်တမ်းအရ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ ၁၃/တယန(နိုင်)၀၀၀၃၀၅ က အမှုတွဲအမှတ် (၅၅၂၄/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် ၅၉၀/၁၄၊ ဦးပိုင်အမှတ် ၁၅-က (ခဲစင်း)၊ ရန်ကုန်-မန္တလေးလမ်းနှင့် ရတနာပုံလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီ(၎င်း၏ကိုယ်စား) အစည်းအဝေးမှတ်တမ်းအရ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ ၁၃/တယန(နိုင်)၀၀၀၃၀၅ က အမှုတွဲအမှတ် (၅၅၂၃/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မိတ္ထီလာတက္ကသိုလ်
# (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အစီအစဉ်

မိတ္ထီလာတက္ကသိုလ် ၂၀၂၃ ပညာသင်နှစ်(အဝေးသင် သင်တန်း)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်(နေ့သင်တန်း)နှင့် ၂၀၂၄ ပညာသင်နှစ် (အဝေးသင် သင်တန်း)များတွင် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထား သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**ဘွဲ့နှင်းသဘင် ပထမနေ့ (၁၁-၁-၂၀၂၅) ရက် (စနေနေ့) အစီအစဉ် (၂၀၂၃ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၁။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ) (၄-မ-၂ မှ ၃၂၇)
- ဝိဇ္ဇာဘွဲ့ (အရှေ့တိုင်း) (၄-အရ-၁ မှ၈၇)

၂။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ) (၄-မ-၃၂၈ မှ ၆၈၆)
- သိပ္ပံဘွဲ့(ဓာတုဗေဒ) ( ၄-ဓ-၁မှ ၇၁ )

* **အစမ်းလေ့ကျင့်မည့်ရက် (၁၀-၁-၂၀၂၅ )ရက်(သောကြာနေ့)နံနက် (၉:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၁၂-၁-၂၀၂၅) ရက် (တနင်္ဂနွေနေ့) အစီအစဉ် (၂၀၂၃ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၃။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ) (၄-မ-၆၈၇ မှ ၁၀၀၃)
- သိပ္ပံဘွဲ့ (ရူပဗေဒ) (၄-ရပ-၁ မှ ၁၅၅)

၄။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (၄-အ-၁ မှ ၂၄၄)
- သိပ္ပံဘွဲ့ (သင်္ချာ) (၄-သခ-၁ မှ ၁၇၅)

* **အစမ်းလေ့ကျင့်မည့်ရက် (၁၀-၁-၂၀၂၅) ရက် (သောကြာနေ့) မွန်းလွဲ (၂:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် တတိယနေ့ (၁၈-၁-၂၀၂၅) ရက် (စနေနေ့) အစီအစဉ် (၂၀၂၃ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၅။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) (၄-အ-၂၄၅ မှ၅၀၉)
- ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (၄-ပ-၁ မှ ၁၇၃)

၆။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (၄-ပ-၁၇၄ မှ ၅၃၄)
- ဝိဇ္ဇာဘွဲ့(ဒဿနိကဗေဒ) (၄-ဒ-၁ မှ ၇၇)

* **အစမ်းလေ့ကျင့်မည့်ရက် (၁၇-၁-၂၀၂၅ )ရက် (သောကြာနေ့) နံနက် (၉:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၉-၁-၂၀၂၅) ရက် (တနင်္ဂနွေနေ့) အစီအစဉ် (၂၀၂၃ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၇။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(သမိုင်း) (၄-သ- ၁ မှ ၃၃၃)
- သိပ္ပံဘွဲ့ (သတ္တဗေဒ) (၄-သတ-၁ မှ ၆၉)

၈။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (သမိုင်း) (၄-သ-၃၃၄ မှ ၇၀၂)
- ဝိဇ္ဇာဘွဲ့(စိတ်ပညာ) (၄-စ-၁ မှ ၈)
- သိပ္ပံဘွဲ့(ရုက္ခဗေဒ) (၄-ရခ-၁ မှ ၃၅)

* **အစမ်းလေ့ကျင့်မည့်ရက် (၁၇-၁-၂၀၂၅ )ရက် (သောကြာနေ့) မွန်းလွဲ (၂:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၂၅-၁-၂၀၂၅) ရက် (စနေနေ့) အစီအစဉ် (၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ နေ့ သင်တန်း)**

၉။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ)
- မဟာသိပ္ပံဘွဲ့ (ရူပဗေဒ)
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (မြန်မာစာ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (ရူပဗေဒ)
- ဝိဇ္ဇာဘွဲ့ (မြန်မာစာ)
- သိပ္ပံဘွဲ့ (ရူပဗေဒ)

၁၀။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ၊ဒဿနိကဗေဒ)
- မဟာသိပ္ပံဘွဲ့ (သတ္တဗေဒ၊ ဘူမိဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ (အင်္ဂလိပ်စာ၊ဒဿနိကဗေဒ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (သတ္တဗေဒ၊ ဘူမိဗေဒ)
- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ၊ဒဿနိကဗေဒ)
- သိပ္ပံဘွဲ့ (သတ္တဗေဒ၊ ဘူမိဗေဒ)

* **အစမ်းလေ့ကျင့်မည့်ရက် (၂၄-၁-၂၀၂၅ )ရက် (သောကြာနေ့) နံနက် (၉:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (၂၆-၁-၂၀၂၅) ရက် (တနင်္ဂနွေနေ့) အစီအစဉ် (၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ နေ့ သင်တန်း)**

၁၁။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- မဟာဝိဇ္ဇာဘွဲ့(ပထဝီဝင်၊သမိုင်း၊အရှေ့တိုင်းပညာ)
- မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့(ပထဝီဝင်၊သမိုင်း၊အရှေ့တိုင်းပညာ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (ရုက္ခဗေဒ)
- ဝိဇ္ဇာဘွဲ့(ပထဝီဝင်၊သမိုင်း၊အရှေ့တိုင်းပညာ)
- သိပ္ပံဘွဲ့(ရုက္ခဗေဒ)

၁၂။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- မဟာဥပဒေဘွဲ့ (ဥပဒေပညာ)
- မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ၊ သင်္ချာ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (ဓာတုဗေဒ၊ သင်္ချာ)
- သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ သင်္ချာ)

* **အစမ်းလေ့ကျင့်မည့်ရက် (၂၄-၁-၂၀၂၅ )ရက် (သောကြာနေ့) မွန်းလွဲ (၂:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် သတ္တမနေ့ (၁-၂-၂၀၂၅) ရက် (စနေနေ့) အစီအစဉ် (၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၁၃။ နံနက်ပိုင်း (နံနက် ၉:၀၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ) (၄-မ- ၁ မှ ၃၃၃)
- ဝိဇ္ဇာဘွဲ့ (အရှေ့တိုင်းပညာ)(၄-အရ-၁ မှ ၁၀၅)

၁၄။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (၄-မ-၃၃၄ မှ ၇၀၈)
- ဝိဇ္ဇာဘွဲ့(စိတ်ပညာ) (၄-စ-၁ မှ ၁၀)
- သိပ္ပံဘွဲ့(ဓာတုဗေဒ) (၄-ဓ-၁ မှ ၉၇)

* **အစမ်းလေ့ကျင့်မည့်ရက် (၃၁-၁-၂၀၂၅ )ရက် (သောကြာနေ့) နံနက် (၉:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် အဋ္ဌမနေ့ (၂-၂-၂၀၂၅) ရက် (တနင်္ဂနွေနေ့) အစီအစဉ် (၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၁၅။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ) (၄-မ- ၇၀၉ မှ ၉၂၃)
- သိပ္ပံဘွဲ့ (ရူပဗေဒ) (၄-ရပ-၁ မှ ၁၇၆)
- သိပ္ပံဘွဲ့ (သတ္တဗေဒ) (၄-သတ-၁ မှ ၈၇)

၁၆။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) (၄-အ-၁ မှ ၂၂၉)
- သိပ္ပံဘွဲ့(သင်္ချာ) (၄-သခ-၁ မှ ၁၈၂)

* **အစမ်းလေ့ကျင့်မည့်ရက် (၃၁-၁-၂၀၂၅ )ရက် (သောကြာနေ့) မွန်းလွဲ (၂:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် နဝမနေ့ (၈-၂-၂၀၂၅) ရက် (စနေနေ့) အစီအစဉ် (၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၁၇။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) (၄-အ- ၂၃၀ မှ ၄၄၅)
- ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (၄-ပ-၁ မှ ၂၃၀)

၁၈။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) (၄-ပ-၂၃၁ မှ ၄၆၁)
- ဝိဇ္ဇာဘွဲ့(သမိုင်း) (၄-သ-၁ မှ ၁၉၃)

* **အစမ်းလေ့ကျင့်မည့်ရက် (၇-၂-၂၀၂၅ )ရက် (သောကြာနေ့) နံနက် (၉:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ဒသမနေ့ (၉-၂-၂၀၂၅) ရက် (တနင်္ဂနွေနေ့) အစီအစဉ် (၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်း)**

၁၉။ နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့(ပထဝီဝင်) (၄-ပ- ၄၆၂ မှ ၆၉၂)
- ဝိဇ္ဇာဘွဲ့ (သမိုင်း) (၄-သ-၁၉၄ မှ ၄၃၃)

၂၀။ မွန်းလွဲပိုင်း (၂:၀၀ နာရီ)
- ဝိဇ္ဇာဘွဲ့ (သမိုင်း) (၄-သ-၄၃၄ မှ ၈၁၁)
- ဝိဇ္ဇာဘွဲ့(ဒဿနိကဗေဒ) (၄-ဒ-၁ မှ ၈၂)
- သိပ္ပံဘွဲ့ (ရုက္ခဗေဒ) (၄-ရခ-၁ မှ ၅၆)

* **အစမ်း**လေ့ကျင့်မည့်ရက် (၇-၂-၂၀၂၅ )ရက် (သောကြာနေ့) မွန်းလွဲ (၂:၀၀)နာရီ

ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့်အတူ ဘွဲ့နှင်းသဘင်ကြေးငွေသွင်းပြေစာပြသလျက် ဘွဲ့ဝတ်စုံများကို -

| ဘွဲ့ယူမည့်ရက် | ဘွဲ့ဝတ်စုံထုတ်ပေးမည့်ရက် |
|---|---|
| (၁၁-၁-၂၀၂၅) မှ (၁၂-၁-၂၀၂၅ ) | (၇-၁-၂၀၂၅) မှ (၉-၁-၂၀၂၅) |
| (၁၈-၁-၂၀၂၅) မှ (၁၉-၁-၂၀၂၅) | (၁၄-၁-၂၀၂၅)မှ (၁၆-၁-၂၀၂၅) |
| (၂၅-၁-၂၀၂၅) မှ (၂၆-၁-၂၀၂၅) | (၂၁-၁-၂၀၂၅) မှ (၂၃-၁-၂၀၂၅) |
| (၁-၂-၂၀၂၅) မှ (၂-၂-၂၀၂၅) | (၂၇-၁-၂၀၂၅) မှ (၃၀-၁-၂၀၂၅) |
| (၈-၂-၂၀၂၅) မှ (၉-၂-၂၀၂၅) | (၄-၂-၂၀၂၅) မှ (၆-၂-၂၀၂၅) |

နံနက် (၉:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအတွင်း မိတ္ထီလာတက္ကသိုလ် ဝန်ဇင်းခန်းမတွင် ထုတ်ယူနိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက ဤတက္ကသိုလ် ဌာနမှူး(သင်တန်းရေးရာဌာန) ဖုန်း-၀၉ ၄၀၂၅၂၅၃၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**မိတ္ထီလာတက္ကသိုလ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အလကခွဲ (ထီးချားရား) မှ အထွေထွေ လုပ်သားဖြစ်သူ နော်ထာနှင့်နော်အဲထာ ၃/မဝတ(နိုင်)၀၁၃၄၂၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**နော်ထာ နှင့် နော်အဲထာ**

## အမည်မှန်

ဦးဇော်မင်းထိုက်၏သား မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် နင်းကြမ်းကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း Grade-9 မှ မောင်လေးဖြူ၏ အမည်မှန်မှာ မောင်လှိုင်မင်းထွေး ဖြစ်ပါကြောင်း။

**မောင်လှိုင်မင်းထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/89903 Suzuki Smash 110 ယာဉ် လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၄/မမက(နိုင်)၁၆၃၅၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/43739 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုး ၁၄/မမက(နိုင်)၃၂၀၈၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/12629 Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်းနိုင် ၁၄/မမက(နိုင်)၁၄၅၉၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၂-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ခင်ဖြူဝင်း ၁၂/ဥကတ(နိုင်)၁၁၁၉၉၅ အစား ၁၂/ဥကတ(နိုင်)၁၁၄၁၄၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၂-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၀) ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးစိုင်းဆိုင်ကျော် ၁၃/တခလ(နိုင်)၀၂၄၅၀၀ အစား ၁၃/တခလ(နိုင်)၀၂၄၅၀၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွင်း ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၂)ထပ် (၁၀၈ ပေx၂၄ ပေ) RC အဆောက်အအုံ(၁)လုံးအား မြို့ပြ၊ ရေ၊ မီး၊ မိလ္လာဆက်စပ်လုပ်ငန်းများ အပါအဝင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၁)လုံး - မုံရွာမြို့

၂။ ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်နှင့် တင်သွင်းရမည့်ရက်** - (၂၈-၁၂-၂၀၂၄) ရက်မှ (၁၀-၁-၂၀၂၅) ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်း ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၄၀၁၆၁၀၀၁၊ ၀၉-၄၀၀၃၀၇၂၄၈ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃-အေ-၃)၊ မြေကွက်အမှတ်(၆၇)၊ အကျယ်အဝန်း (၂၅ ပေ x ပေ ၅၀)ရှိ ဦးမြင့်သိန်း ၁၂/တမန(နိုင်)၀၃၃၃၁၀ အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်(ပိုင်ဆိုင်မှု)နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ (၁၅၃)လမ်း၊ အမှတ်(၂၂)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊အကျယ်အဝန်း(၁၂ ပေခွဲ x ပေ ၅၀)ရှိ တိုက်ခန်းတို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးချမ်းမြေ့နိုင်ညွှန့် ၁၂/ဒဂန(နိုင်)၀၃၀၂၀၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်(ပိုင်ဆိုင်မှု)၊ တိုက်ခန်းတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)** **ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၇၈၁/က၊ မြေကွက်တည်နေရာအမှတ် ၇၈၁/က၊ မာလာ(၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးလှကြိုင် ၁၂/ဥကတ(နိုင်)၀၃၀၇၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှကြိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်စန်း ၁၂/ဥကတ(နိုင်)၀၃၀၆၇၄မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၃၇၁/၂၀၂၄(၁၁-၁၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၅)ရက် ကန့်ကွက်လွှာခေါ်ယူခြင်း

**အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-**

၁။ ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ဒဂုံ-မန်းလမ်းရှာရှိ ကွင်းအမှတ် ၄၇၄ᵏᵃ၊ ကွင်းအမည် ကျီးချောင်းကွင်း၊ မြေကွက်အမှတ်(၂/၄၆၃)၊ ဧရိယာ ၀ ဒသမ ၀၈ ဧကအား ဦးရင်လှသိန်း အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေအလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
အရှေ့လားသော် ဦးတင်လှိုင်၊ အနောက်လားသော် ဒဂုံ-မန်းလမ်း၊
တောင်လားသော် ဘူတာလမ်း၊ မြောက်လားသော် ဒေါ်ပို့ပို့

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ၉-၁၁-၂၀၂၄ ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း နှင့် ၎င်းရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။**အုပ်ချုပ်ရေးမှူး(ကျော်ဆန်းဦး၊ပ/၄၀၄၇)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ချမ်းသာကြီး အတွင်းရှိ အမှတ်(၃)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ(၆၀)ပေ ကျယ်ဝန်းသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်၍ တရားဝင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးခင်မောင်ထွေး ၉/လဝန(နိုင်)၁၂၄၂၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်၍ (၇)ရက်တွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီနိုင် အထက်တန်းရှေ့နေ၊**
